ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ တနင်္လာနေ့၊ (10-11-2008) (၅၈၅၈)

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေးဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး<br>✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# အက်မက်စ်အဖွဲ့ဝင် နိုင်ငံများသည် လယ်ယာကဏ္ဍကို အဓိကအားထားသည့် နိုင်ငံများဖြစ် ယင်းကဏ္ဍကို အဓိကပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာလုံခြုံစိတ်ချစေရေး အလေးထားရာရောက် အစားထိုးလောင်စာများရရှိနိုင်သည့် နည်းလမ်းများရှာဖွေ ဇီဝလောင်စာ ပိုမိုထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်






**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

(သတင်းစဉ်)

နေပြည်တော်　　နိုဝင်ဘာ　　၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ National Convention Centre ရှိ အခန်းအမှတ်(၂၄၁)၌ ကျင်းပသည့် တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**

ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာဆွမ်ချိုင်းဝမ်ဆာဝပ်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ACMECS အဖွဲ့ဝင်နိုင်ငံများမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ပုဂ္ဂိုလ်များသည် ထိပ်သီးအစည်းအဝေး ကျင်းပသည့် National Convention Centre သို့ နံနက် ၈ နာရီမှ စတင်၍ နိုင်ငံအလိုက် ရောက်ရှိကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre သို့ နံနက် ၈ နာရီ ၅၅ မိနစ်တွင် ရောက်ရှိလာရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက ကြိုဆိုနှုတ်ဆက်သည်။

အလားတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာဆွမ်ချိုင်းဝမ်ဆာဝပ်တို့အား ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❑

## ယနေ့ ကြေးမုံ သတင်း၊ ဆောင်းပါးများအညွှန်း



သဘာဝ ဘေးအန္တရာယ် သတင်းများ

စာမျက်နှာ ၄



စာလုံးပေါင်း သတ်ပုံဇာတ်လမ်း ကလေးများ (ဆောင်းပါး)

စာမျက်နှာ ၆



မြန်မာ-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ (အားကစားသတင်း)

စာမျက်နှာ ၁၂

ကြေးမုံ The Mirror
၁၀-၁၁-၂၀၀၈
(တနင်္လာနေ့)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး လေးနိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်

ယနေ့အချိန်အခါတွင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲပူနွေးလာမှုနှင့် အတူ ဆက်စပ်ယှက်နွယ်လျက်ရှိသော သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများလည်း ဖြစ်ပေါ်လျက်ရှိသည်။ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များသည် နိုင်ငံအားလုံးနှင့် သက်ဆိုင်သည်ဖြစ်ရာ စားနပ်ရိက္ခာဖူလုံရေး၊ စွမ်းအင်လုံခြုံရေးတို့အတွက် ဒေသအလိုက် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နေကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးတို့သို့ နိုဝင်ဘာလ ၅ ရက်နေ့မှ ၇ ရက်နေ့အတွင်း တက်ရောက်ခဲ့သည်။

အဆိုပါ စတုတ္ထအကြိမ် လေးနိုင်ငံ ထိပ်သီးအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးချုပ်များ၊ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် သက်ဆိုင်ရာနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့တွင် နိုဝင်ဘာလ ၆ ရက်နေ့က ကျင်းပသည့် စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာ၌ **"မိမိတို့လေးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် လိုအပ်မည့်ဘဏ္ဍာငွေ အရင်းအမြစ်များ ရရှိနိုင်စေရန် မိမိတို့အနေဖြင့် ဆတက်ထမ်းပိုးကြိုးပမ်းအားထုတ်သွားကြဖို့ လိုအပ်မှာဖြစ်ကြောင်း၊ စားနပ်ရိက္ခာရှားပါးမှုနှင့် စွမ်းအင်လုံခြုံရေး ပြဿနာများ ကြုံတွေ့နေရချိန်တွင် စိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍများကို မိမိတို့ဦးစားပေး ပူးပေါင်းဆောင်ရွက်ရေးအဖြစ် ပိုမိုအလေးထားဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

စီအယ်လ်အမ်ဗွီ လေးနိုင်ငံတို့သည် လွန်ခဲ့သောလေးနှစ်က ချမှတ်ခဲ့သော ဗီယင်ကျင်းကြေညာချက်နှင့်အညီ စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်မှုရလဒ်များ တွေ့မြင်နေပြီဖြစ်သည်။ ရှေ့လုပ်ငန်းစဉ်များ ပိုမိုထိရောက် လျင်မြန်စွာ တိုးမြှင့်ဖော်ဆောင်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

သို့ဖြစ်ရာ စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံထိပ်သီးအစည်းအဝေးသည် နိုင်ငံအချင်းချင်း၏ ချစ်ကြည်ရင်းနှီးမှု အစဉ်အလာ၊ ပေါင်းစည်းဆောင်ရွက်မှု အရင်းခံစိတ်ဓာတ်ကောင်းများ ဖြစ်တည်နေမှုနှင့်အတူ ဒေသခွဲအတွင်း စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ရေး အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။ ။

# ကွန်ပျူတာ အခြေခံသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၉**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၀၈)သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက်က မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ဝန်ထမ်းရေးရာနှင့်သင်တန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်တင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇေယျနှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် အထက်မြန်မာပြည်မှ သင်တန်းသား စုစုပေါင်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလကို ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၄၆၉)



# ကြည့်မြင်တိုင်မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်မှု တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုအားပေး

ရန်ကုန် နိုဝင်ဘာ ၉

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် နိုဝင်ဘာ ၈ရက် နံနက် ၇ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ပန်းလှိုင်လမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျန်းမာရေးပညာပေးဟောပြောပွဲ ဆောင်ရွက်နေမှုများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင်ဆောင်ရွက်မှုလုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက် လေးလုံးအသုံးပြု၍ နေရာလပ်မရှိ ကွက်ပြည့်ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုများ၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။**

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်၊ ဝဇီရာ ၈ လမ်းနှင့် ၉ လမ်း တစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင် ဆောင်ရွက်မှုလုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက်ခြောက်လုံး အသုံးပြု၍ နေရာလပ်မရှိ ကွက်ပြည့်ခြင်ဆေးဖျန်းဆောင်ရွက်နေမှုများ၊ အမှတ်(၂၅)အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးပညာပေး ဟောပြောနေမှုများ၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၆၃/၂၀၀၇) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၆၃/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးချုပ်သိန်းတင့်၊ စီမံရေးနှင့်လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင်၊ ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။**



**မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်း အမှတ်စဉ်(၆၃/၂၀၀၇)သင်တန်း ဆင်းပွဲတွင်အကောင်းဆုံးကျောင်း သားဆုရ ဒုတိယရဲအုပ်လောင်း တင်အောင်မိုးအားဆုချီးမြှင့်စဉ်။**
(သတင်းစဉ်)

သင်တန်းဆင်းစစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဒုတိယ ရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူ၍ တပ်ခွဲများကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်းများဖြစ်ကြသည့် ကျောင်းသားအမှတ်(၁၉၂) တင်အောင်မိုး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသားအမှတ်(၇၂) ငွေးဝင်း၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၇၄) ရန်နိုင်မျိုး၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၈၈)ထက်ဝေလင်း၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၇၄) ကျော်မျိုးမင်းတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၁၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မင်းလှမြို့နယ်အသင်း(ပဲခူးတိုင်း) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း (ရန်ကုန်မြို့)က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မင်းလှမြို့ အစိုးရအထက်တန်းကျောင်း သပြေခန်းမ၌ နိုဝင်ဘာ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ မင်းလှမြို့ အထက်တန်းကျောင်းတွင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင်သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့ပြီးသူငယ်တန်းမှနဝမတန်းအထိ ပထမ၊ ဒုတိယနှင့် တတိယရရှိသူများအားလည်းကောင်း၊တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသူများအားလည်းကောင်း ဆုများချီးမြှင့်မည်ဖြစ်သည်။

ပညာရည်ချွန်ဆုအတွက် အလှူငွေ ထည့်ဝင်လိုသူများနှင့် မင်းလှမြို့သို့ မော်တော်ယာဉ်ဖြင့် လိုက်ပါလိုသူများသည် နိုဝင်ဘာ ၁၃ ရက် နောက်ဆုံးထား၍ဒေါက်တာလှမောင် (ဥက္ကဋ္ဌ)ဖုန်း-၅၃၇၅၀၇၊ ဦးတင်အောင် ဖုန်း-၅၂၆၇၃၅၊ ဒုတိယ ဗိုလ်မှူးကြီး မျိုးညွန့်(ငြိမ်း) ဖုန်း-၅၀၅၇၁၂၊ ဦးသန်းစိုး ဖုန်း-၅၁၈၂၅၄၊ ဦးတင်မောင်ဦး ဖုန်း-၅၀၁၀၅၁၊ ဦးဖုန်းတင့် ဖုန်း-၂၂၄၆၅၉ နှင့် ဒေါ်စန်းစန်းဝင်း ဖုန်း-၅၆၃၂၂၉ တို့ထံ ဆက်သွယ်လှူဒါန်းကြရန်နှိုးဆော်ထားကြောင်းသိရှိရသည်။ (သတင်းစဉ်)




**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးချုပ်များ တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားတွင် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**(သတင်းစဉ်)

❑ **ရှေ့ဖုံးမှ**

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆွမ်ချိုင်းဝမ်ဆာဝပ်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တတိယအကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းတို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ပထမအကြိမ် အက်မက်စ် ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံတို့မှ ခေါင်းဆောင်များက ပုဂံကြေညာစာတမ်းကို လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ပုဂံကြေညာစာတမ်းတွင် ဒေသတွင်းသာယာဝပြောရေးအတွက် နိုင်ငံများ စည်းလုံးညီညွတ်မှု၊ အပြန်အလှန် လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ တက်ကြွစွာပူးပေါင်း ဆောင်ရွက်မှုတို့ဖြင့် ဆောင်ရွက်ကြရန် ဖော်ပြခဲ့ကြကြောင်း။

ပုဂံကြေညာစာတမ်းမှ စတင်ခဲ့သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အဓိကရည်ရွယ်ချက်များမှာ အဖွဲ့ဝင်နိုင်ငံများ ယှဉ်ပြိုင်မှုစွမ်းအားမြင့်မားရေး၊ နယ်စပ်ဒေသတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအလိုက် နှိုင်းယှဉ်အကျိုးကျေးဇူးရှိသော လယ်ယာနှင့် စက်မှုလုပ်ငန်းများ ဖြစ်ထွန်းရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာရေးနှင့် ဝင်ငွေကွာဟမှု လျှော့နည်းရေး၊ ဒေသတွင်း ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် သာယာဝပြောမှုများကို စဉ်ဆက်မပြတ် ဖြစ်ပေါ်စေရေးတို့ဖြစ်ကြောင်း။

ထိုစဉ်က အက်မက်စ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာတွင် နယ်ပယ်ငါးခုဖြစ်သော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ လယ်ယာနှင့်စက်မှု ပူးပေါင်းဆောင်ရွက်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး ချိတ်ဆက်မှုများ၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခြေခံ၍ ဘုံလုပ်ငန်းစီမံကိန်းများ၊ နှစ်နိုင်ငံချင်း စီမံကိန်းများကို ရေးဆွဲချမှတ် ဆောင်ရွက်ခဲ့ကြကြောင်း။

အက်မက်စ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ဆောင်ရွက်မှုတို့သည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသဖြင့် ပုဂ္ဂလိကကဏ္ဍကို အားပေးရန်နိုင်ငံအလိုက် စီးပွားရေးကောင်စီများ ဖွဲ့စည်းခဲ့ကြပါကြောင်း၊ စီးပွားရေးကောင်စီများသည် အက်မက်စ်လုပ်ငန်းစီမံကိန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက် လျက်ရှိကြသည်ကို ဝမ်းမြောက်စွာ အသိအမှတ်ပြုလိုပါကြောင်း။

လောလောဆယ် မြန်မာနိုင်ငံအနေနှင့် အက်မက်စ် ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာတွင် ပါဝင်သော ဘုံစီမံကိန်း ၃၃ ခု၊ နှစ်နိုင်ငံချင်း ဆောင်ရွက်သည့် စီမံကိန်း ၆၇ ခုတို့တွင် ပါဝင်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

အက်မက်စ် ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာတွင် ပါရှိသော ဘုံစီမံကိန်းများ၊ နှစ်နိုင်ငံချင်း စီမံကိန်းများသည် အဖွဲ့ဝင်နိုင်ငံများအတွက် တူညီသော ရည်ရွယ်ချက် မပျောက်စေရန်နှင့် အနာဂတ်တွင် ဒေသတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် လက်ရှိစီမံကိန်းများကို ပြန်လည်သုံးသပ်ကြရန် လိုအပ်ကြောင်း၊ သို့မှသာလျှင် ထိရောက်မှုရှိပြီး စွမ်းဆောင်ရည်မြင့်မားသော ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို စဉ်ဆက်မပြတ် ပူးပေါင်းအကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။

တတိယအကြိမ် ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးကြမည့် ဘာသာရပ်နယ်ပယ်များသည် လောလောဆယ်နိုင်ငံအများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် ဆက်နွှယ်မှုရှိသကဲ့သို့ ဒေသတွင်းပေါင်းစည်းရေးတွင် အရေးပါသည့် ကဏ္ဍများ ဖြစ်ကြကြောင်း။

မိမိတို့ အက်မက်စ် အဖွဲ့ဝင် နိုင်ငံများသည် လယ်ယာကဏ္ဍကို အဓိကအားထားသည့် နိုင်ငံများဖြစ်ကြသဖြင့် ယင်းကဏ္ဍကိုအဓိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာ လုံခြုံစိတ်ချစေရေးကို အလေးထားဆောင်ရွက်ရာရောက်မည်ဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် အစားထိုးလောင်စာစွမ်းအင်များ ရရှိနိုင်သည့် နည်းလမ်းများ ရှာဖွေရေး၊ ဇီဝ လောင်စာများ ပိုမို ထုတ်လုပ်ရေးတို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံအချို့တွင် ဖြစ်ပေါ်နေသော ငွေကြေးအကျပ်အတည်းများမှ သွယ်ဝိုက်ထိခိုက်လာနိုင်မည့် ဂယက်ရိုက်မှုများကို ရင်ဆိုင်နိုင်ရေးအတွက်လည်း စုပေါင်းပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အက်မက်စ် အဖွဲ့ဝင်နိုင်ငံများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးနှင့် အက်မက်စ် လုပ်ငန်းစီမံကိန်းများ ထိရောက်စွာ ရှေ့သို့တက်လှမ်းနိုင်ရေးအတွက် တစ်နိုင်ငံချင်းအနေဖြင့်လည်းကောင်း၊ စုပေါင်း၍လည်းကောင်း အားထုတ်ကြိုးပမ်းမှုများကို နှစ်ဆခန့် တိုးမြှင့်ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း။

ကမ္ဘာပေါ်တွင် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် မုန်တိုင်းများ ကျရောက်ခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်များကို တွေ့ကြုံခံစားနေရကြောင်း၊ မိမိတို့ဒေသအတွင်းမှာလည်း အလားတူသဘာဝ ဘေးအန္တရာယ်များ ကျရောက်လာခဲ့ပါက ဒေသအတွင်းရှိ နိုင်ငံများအားလုံး အတူတကွ လက်တွဲရင်ဆိုင်ဖြေရှင်းသွားကြဖို့ လိုအပ်မှာဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာဆွမ်ချိုင်းဝမ်ဆာဝပ်က မိန့်ခွန်းပြောကြားပြီး တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ဝန်ကြီးဒေါက်တာချမ်းငြိမ်း

## ရန်ကုန်မြို့ရှိတက္ကသိုလ်များ လှည့်လည်ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၉**

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်တို့သို့ လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသား စီမံခန့်ခွဲမှု ပညာကောလိပ်သို့ လည်းကောင်း သွားရောက်၍ သက်ဆိုင်ရာ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ သင်ကြားရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် နိုဝင်ဘာ ၈ရက် နံနက်ပိုင်းတွင် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ရန်ကုန် ပညာရေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်) နှင့် ရန်ကုန် အနောက်ပိုင်း တက္ကသိုလ်တို့သို့ သွားရောက်ပြီး သက်ဆိုင်ရာ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အဝေးသင်တက္ကသိုလ် အနီးကပ်ပို့ချသင်တန်း တက်ရောက်နေကြသော သင်တန်းသား သင်တန်းသူများ၏ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်းသတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)



# မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဆေးပညာဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ 3 Q Dental International Company Limited ၏ ပံ့ပိုးမှုဖြင့် တံတွေးကာရော်ဘာပြားနှင့် စပ်လျဉ်းသည့် သွားဘက်ဆိုင်ရာ ဆေးပညာဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ Panda Hotel ပုလဲခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဒေါက်တာဦးကျော်မြင့်က How to use Rubber Dam ခေါင်းစဉ်ဖြင့် ဟောပြောပို့ချသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူသွားဘက်ဆိုင်ရာ ဆရာဝန်များ တက်ရောက်နိုင်ကြပြီး အသေးစိတ်သိလိုပါက ဒေါက်တာဦးမောင်မောင်ဦး ဖုန်း-၃၇၉၅၃၂နှင့် ၇၀၉၁၂၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အီရတ်နိုင်ငံ ဂူဝါဟာတီဒေသရှိ လူစည်ကားသောနေရာများတွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခြင်းကြောင့် မီးလောင်ပျက်စီးနေသည့် ယာဉ်များအား တာဝန်ရှိသူများက မီးငြိမ်းသတ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အီရတ်နှင့် အာဖဂန်နစ္စတန်သတင်းများ

### ကားဗုံးပြုလုပ်သူ အယ်လ်ခိုင်ဒါ ခေါင်းဆောင်အား အီရတ်လုံခြုံရေးတပ်ဖွဲ့ ပစ်ခတ်ဖမ်းဆီး

**ဘဂ္ဂဒက် နိုဝင်ဘာ ၈**

အီရတ်နိုင်ငံမြောက်ပိုင်းတစ်လျှောက်တွင် အစုလိုက်အပြုံလိုက်သေ... 

အီရတ်နိုင်ငံမြောက်ပိုင်းတစ်လျှောက်တွင် အစ္စလာမ္မစ်စစ်သွေးကြွများကို နှိမ်နင်းလျက်ရှိရာကားဗုံးများ ပြုလုပ်သူအယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦးအား အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ကူညီမှုဖြင့် အသေဖမ်းဆီးရမိကြောင်း အမေရိကန် စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

အီရတ်ကြည်းတပ်နှင့် အမေရိကန် ထောက်ခံသော ဆွန်နီ အာရပ်ရပ်ကွက် လုံခြုံရေးကင်းလှည့်အဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့မြောက်ဘက် တာမီယာတွင် ကြာသပတေးနေ့၌ ရှာဖွေကြရာ အိမ်တစ်လုံး၏အနီးမြက်တောထဲ၌ ပုန်းအောင်းနေသော အဘူဂါဇဝန်ကို တွေ့ရှိပစ်ခတ်ခဲ့ကြသည်။

ကင်းလှည့်တပ်ဖွဲ့ကို အိမ်တစ်လုံးအတွင်းမှ ဗုံးများ၊ သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ရာ ကင်းလှည့်အဖွဲ့ဝင်တစ်ဦးက အဝေးထိန်းဗုံးခွဲကိရိယာတစ်ခု၊ လက်ပစ်ဗုံးများနှင့် အမည်မသိလူတစ်ဦး မြက်တောထဲ၌လဲနေသည်ကိုတွေ့ရသည်ဟု လည်းကောင်း၊ ဂါဇဝန်ကို သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရသည်ဟုလည်းကောင်း ကြေညာချက်တွင် ဖော်ပြသည်။ ထိုသေဆုံးသူသည် အယ်လ်ခိုင်ဒါအဖွဲ့အားငွေကြေးထောက်ပံ့၍ကလေးစစ်သွေးကြွများရှာဖွေစုဆောင်းသဖြင့် အစိုးရကအလိုရှိနေသော စစ်သွေးကြွတစ်ဦးဟုအမေရိကန်စစ်ဘက်က ထုတ်ဖော်နိုင်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**




### ဘဂ္ဂဒက်ရှိ စစ်ဆေးရေးဂိတ်တွင် ဗုံးခွဲတိုက်ခိုက်၊ လေးဦးသေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၈**

အီရတ်မြို့တော်ဘဂ္ဂဒက်တွင်ဆွန်နီတို့ နေထိုင်ရာဒေသ စစ်ဆေးရေးဂိတ်၌ နိုဝင်ဘာ ၇ ရက်က ဗုံးနှစ်လုံးခွဲ၍ တိုက်ခိုက်သဖြင့် လေးဦးသေဆုံးကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုသေဆုံးသူများတွင် အီရတ်နိုင်ငံအယ်လ်ခိုင်ဒါများကို ဆန့်ကျင်သော ဆွန်နီပြည်သူ့စစ်အုပ်စုမှ အဖွဲ့ဝင် နှစ်ဦးပါဝင်သည်။ နိုးကြားသောကောင်စီဟု လူသိများသော အဆိုပါအုပ်စုမှအဖွဲ့ဝင်များသည် လွန်ခဲ့သောနှစ်နှစ်ခန့်က ဘက်ပြောင်းလာကြသော သူပုန်ဟောင်းများ ဖြစ်ကြသည်။

၎င်းတို့၏ ဘက်ပြောင်းမှုသည် အီရတ်နိုင်ငံအတွင်း အကြမ်းဖက်မှုများ လျော့ပါးသွားရခြင်း၏အကြောင်းအရင်းများမှ အချက်တစ်ခုဖြစ်သည်ဟု ယုံကြည်ရသည်။ **အင်တာနက်။**

### အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်သေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၈**

အီရတ်နိုင်ငံမြောက်ပိုင်းရေနံအထွက်ကောင်းသောကာကတ်မြို့တွင်တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်း သောကြာနေ့တွင် အမေရိကန်စစ်ဘက်က ပြောကြားသည်။

ထိုသေဆုံးမှုသည် ကြာသပတေးနေ့တွင် ဖြစ်ခဲ့ပြီး ထိုဖြစ်ပျက်မှု၏ အသေးစိတ်အကြောင်းအရာများကို ဖော်ပြခြင်းမပြုပေ။

အီရတ်နိုင်ငံအား အမေရိကန်တပ်ဖွဲ့များက ၂၀၀၃ခုနှစ် မတ်လတွင် ကျူးကျော်ခဲ့ပြီးကတည်းက အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုသည် ပင်တဂွန်စစ်ဌာနချုပ်မှထုတ်ပြန်သော ကိန်းဂဏန်းများကိုအခြေခံ၍သတင်းဌာနများက ရေတွက်ခဲ့ရာ ၄၁၉၁ဦးခန့် ရှိလာပြီဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

### အီရတ်မှ ဘူလ်ဂေးရီးယားတပ်ဖွဲ့များ ၂၀၀၈ ခုနှစ်အကုန်တွင် ရုပ်သိမ်းဖွယ်ရှိ

**ဆိုဖီယာ နိုဝင်ဘာ ၈**

အီရတ်နိုင်ငံတွင် တပ်စွဲထားသော အင်အား ၁၅၅ ဦးပါဘူလ်ဂေးရီးယားတပ်ဖွဲ့ကို ၂၀၀၈ ခုနှစ်ကုန်၌ ခွင့်ပြုမိန့် ကုန်ဆုံးသောအခါ လျှော့ချရန် သို့မဟုတ် အားလုံးရုပ်သိမ်းရန် ဘူလ်ဂေးရီးယားအစိုးရက အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း အစိုးရအဖွဲ့တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက်အနီးတွင် လက်ရှိတပ်စွဲထားသော ဘူလ်ဂေးရီးယားတပ်ဖွဲ့ကို ဘူလ်ဂေးရီးယား ပါလီမန်၏ခွင့်ပြုကာလကုန်ဆုံးသောဒီဇင်ဘာ ၃၁ ရက်မတိုင်မီ ပြန်လည်ရုပ်သိမ်းမည်ဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီး နီကိုလေတီဆိုနက်ဗ်က သတင်းစာသို့ ပြောကြားသည်။

ယခုအခါ အီရတ်နိုင်ငံတွင် ဘူလ်ဂေးရီးယားတပ်ဖွဲ့ တာဝန်ထမ်းဆောင်နေခြင်းကို အကဲဖြတ်ချင့်ချိန်လျက်ရှိကြောင်း၊ ရည်မှန်းချက် အောင်မြင်ပြီးမြောက်ရန်အတွက် တပ်ဖွဲ့အင်အား အပြောင်းအလဲ ရှိရမည်ဟု ခန့်မှန်းတွက်ချက်၍ရကြောင်း နိုင်ငံခြားရေးဝန်ကြီး အိုင်ဗေလိုကာလ်ဖင်က အခမ်းအနားတစ်ခုတွင် ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

### အီရတ်၌ အသေခံဗုံးခွဲတိုက်ခိုက်၊ ရှစ်ဦးသေ

**ဘဂ္ဂဒက် နိုဝင်ဘာ ၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက် အနောက်ဘက်အန်ဘာပြည်နယ် ရာမဒီမြို့အနီးတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ရှစ်ဦးသေဆုံး၍ ၁၄ ဦးဒဏ်ရာရရှိကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ သေဆုံးသူရှစ်ဦးတွင် ရဲတပ်ဖွဲ့ဝင်များလည်းပါဝင်သည်။ ရာမာဒီသည် သောင်းကျန်းသူများ၏ အမာခံခြေကုပ်စခန်းဖြစ်ခဲ့သည်။ သို့သော်ဆွန်နီမျိုးနွယ်စု ပြည်သူ့စစ်များသည် အမေရိကန်တပ်ဖွဲ့၊ အစိုးရတပ်ဖွဲ့တို့နှင့် ပူးပေါင်းခဲ့ပြီးနောက် အကြမ်းဖက် တိုက်ခိုက်မှုများ လျော့ကျသွားသည်။

ထိုဗုံးခွဲတိုက်ခိုက်မှုသည် ရာမာဒီမြို့အပြင်ဘက် ရဲတပ်ဖွဲ့စခန်းအနီးနှင့် အဝေးပြေးလမ်းမကြီး စစ်ဆေးရေးဂိတ်အနီး၌ ဖြစ်ခဲ့ကြောင်း သတင်းများကဆိုသည်။ **အင်တာနက်။**



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၌ နေတိုးတပ်ဖွဲ့များ၏ ယာဉ်တန်းအား အသေခံကားဗုံးဖြင့် တိုက်ခိုက်မှုဖြစ်ပွားသည့်နေရာကို အာဖဂန်တပ်ဖွဲ့များစစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## သဘာဝ ဘေးအန္တရာယ်သတင်းများ



တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ဘက်ရှိ ချူစင်းယီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီရှီလူမြို့ ဒါစွန်ရှူကျေးရွာတွင် မြေပြိုမှုကြောင့် နှစ်ပိုင်းကွဲသွားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

(ချူစင်းဒေသသည် မိုးသည်းစွာရွာသွန်းမှု အဆိုးရွားဆုံးကြုံတွေ့နေရသော ပြည်နယ်တစ်ခုဖြစ်ပြီး ယခုအချိန်ထိလူ ၄၀သေဆုံးခဲ့သည်။ လွန်ခဲ့သော ၁၀ ရက်က မြေပြိုမှုများနှင့် ရွှံ့နွံများ ပျော်ကျမှုကြောင့် လမ်းများ ပိတ်ဆို့ခြင်းများ ဖြစ်ပွားပြီးနောက် ချူစင်းဒေသရှိ အချို့ကျေးရွာများ တသီးတခြားစီ ဖြစ်ခဲ့သည်။ ယင်းသို့ ဖြစ်ပွားမှုကြောင့် ယူနန်ပြည်နယ်တွင် ၄၃ ဦး ပျောက်ဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိကာ ၆၀၈၀၀၀ ဦးမှာ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရသည်။) **အင်တာနက်။**

### ပလိုမာမုန်တိုင်းငယ် အားကောင်းလာ မြောက်ဘက်ဒေသသို့ ဦးတည်တိုက်ခတ်

**တေဂူစီဂယ်လ်ပါ နိုဝင်ဘာ ၈**

ပလိုမာအမည်ရှိသည့်မုန်တိုင်းငယ်သည်အားကောင်းလာပြီး နိုဝင်ဘာ ၆ရက်က ၁ နာရီလျှင် ၇၅ မိုင်နှုန်းဖြင့် တိုက်ခတ်သည့် ဟာရီကိန်းမုန်တိုင်းအဖြစ်သို့ ပြောင်းလဲရောက်ရှိကာ ကျူးဘားနိုင်ငံနှင့် ကာရမ်ကျွန်းသို့ ဦးတည်တိုက်ခတ်လျက်ရှိကြောင်း အင်တာနက်သတင်းတွင်ဖော်ပြသည်။

အဆိုပါမုန်တိုင်းငယ်သည်ဆက်လက်အားကောင်းလာကာ ပြင်းအားအဆင့် ၃ရှိဟာရီကိန်းမုန်တိုင်းအဖြစ် မြောက်ဘက်သို့ ဦးတည်နေပြီး နိုဝင်ဘာ ၈ရက်တွင် ကျူးဘားနိုင်ငံသို့ ဖြတ်သန်းမည်ဟုယူဆရကြောင်းမိုးလေဝသခန့်မှန်းရေးဗျူရိုက ပြောကြားသည်။

ကာရမ်ကျွန်းအား ဟာရီကိန်းမုန်တိုင်း သတိပေးချက်ထုတ်ပြန်ထားသည့်အပြင်၎င်းဒေသတွင် မိုးရေချိန် ၈လက်မရှိသည့် မိုးများသည်းထန်စွာရွာသွန်းနိုင်ကြောင်း အမေရိကန်နိုင်ငံတကာ ဟာရီကိန်းဗဟိုအဖွဲ့က ပြောကြားသည်။

ကျူးဘားနိုင်ငံနှင့် ဂျမေကာနိုင်ငံများအား မုန်တိုင်းသတိပေးချက် ထုတ်ပြန်ထားကြောင်းသိရသည်။

**အင်တာနက်။**

### အင်ဒိုနီးရှား အရှေ့ပိုင်း၌ အင်အားပြင်း ငလျင်လှုပ်

**ဂျကာတာ နိုဝင်ဘာ ၈**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းဒေသတွင် စနေနေ့ နံနက်ပိုင်းက ရစ်ချ်တာစကေး ၆ဒသမ ၂အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း ပျက်စီးဆုံးရှုံးမှုနှင့် သေကျေဒဏ်ရာရရှိမှုကိုအသေးစိတ်ဖော်ပြခြင်း မရှိကြောင်း မိုးလေဝသဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါ ငလျင်သည် ဒေသစံတော်ချိန် နံနက်၁နာရီ ၄မိနစ်က မာလူကူပြည်နယ် မြို့တော်အမ်ဘွန်အရှေ့တောင်ဘက် ၃၀၂ကီလိုမီတာအကွာ ပင်လယ်ရေပြင်အောက် ၁၃၃ ကီလိုမီတာအကွာ၌ ဗဟိုပြုလှုပ်သွားကြောင်း ၎င်းက ပြောကြားသည်။

**အင်တာနက်။**



### အင်ဒိုနီးရှား၌ ရေကြီး၊ မြေပြို ရှစ်ဦးပျောက်ဆုံး၊ နှစ်ဦးဒဏ်ရာရ

**ဂျကာတာ နိုဝင်ဘာ ၈**

အင်ဒိုနီးရှားနိုင်ငံ ဆုမားတြားပြည်နယ် အနောက်ဘက်တွင် နိုဝင်ဘာ ၇ ရက်ညပိုင်းကတည်းက မြေပြိုခြင်းနှင့် ရေကြီးခြင်းများကြောင့် ရှစ်ဦး ပျောက်ဆုံးနေပြီး နှစ်ဦးဒဏ်ရာ ပြင်းထန်စွာရရှိကြောင်း တာဝန်ရှိသူက စနေနေ့တွင် ပြောကြားသည်။

နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ညာဒေသ၌မြေပြိုခြင်းဖြစ်ပွားခဲ့ကြောင်း၊ ယင်းပြည်နယ်ရှိ ဂျိုရောင်းပါကန် ယူဆန်ကာနာဂါရိန်းမာလာလာ့စ်ခရိုင်တွင် ရေကြီးမှုများ ဖြစ်ပွားခဲ့ကြောင်း သဘာဝဘေး ကာကွယ်ရေးဌာန တာဝန်ရှိသူက ပြောကြားသည်။ **(အပေါ်ပုံ)**

ပျောက်ဆုံးနေသူများကိုကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အင်တာနက်။**

ကြေးမုံ The Mirror

## နိုင်ငံ တကာ သတင်း များ



ရုရှားနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ ဒုတိယကမ္ဘာစစ်အတွင်းမှ ဝတ်စုံဖြင့် တပ်ဖွဲ့ဝင်များ စစ်ရေးပြနေသည်ကို နိုဝင်ဘာ ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## သီရိလင်္ကာ ကျားသူပုန်များကို လက်နက်ချရန် သမ္မတ ရာဂျာပတ်စီး တိုက်တွန်း

**ကိုလံဘို နိုဝင်ဘာ ၉**

သီရိလင်္ကာနိုင်ငံတွင် နှစ်ရှည်လများ သောင်းကျန်းနေသော တမီးလ်ကျားသူပုန်များအား လက်နက်ချအညံ့ခံရန် သမ္မတ မဟင်ဒါရာဂျာပတ်စီးက နိုဝင်ဘာ ၆ ရက်တွင် တိုက်တွန်းလိုက်သည်။

တောင်းဆိုသည့်အတိုင်း လက်နက်ချခြင်းမရှိပါက အစိုးရတပ်ဖွဲ့များ၏ ချေမှုန်းခြင်းကို ခံရမည်ဖြစ်ကြောင်း ၎င်းက တစ်ဆက်တည်းပြောကြားသည်။

အကယ်၍လက်နက်ချမည်ဆိုပါက နေထိုင်စရာနှင့် အထောက်အပံ့များလည်းခံစားခွင့် ရရှိမည်ဖြစ်ကြောင်း သမ္မတက ကမ်းလှမ်းလိုက်သည်။

နိုင်ငံမြောက်ပိုင်း ကီလီနိုချီဒေသရှိ သူပုန်များခိုအောင်းရာ အာကာရာရမ်ကူလမ်ကျေးရွာကို အစိုးရတပ်ဖွဲ့များက အပြီးတိုင် သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း သတင်းထွက်ပေါ်လာပြီးနောက် သမ္မတက ဘဏ္ဍာရေးဆိုင်ရာ မိန့်ခွန်းပြောကြားရာ၌ အထက်ပါစကားများကို ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။

ကီလီနိုချီဒေသသည် နိုင်ငံမြောက်ပိုင်းဒေသ ကျားသူပုန်များ၏ လက်ဝယ်တွင် ကျန်ရှိနေသေးသော အခိုင်အမာစခန်းနှစ်ခုအနက် တစ်ခုဖြစ်သည်။ တိုက်ခိုက်မှုများမှ ဝေးရာသို့ ပြည်သူများနှင့် လူသားချင်းစာနာသောအဖွဲ့များက ထွက်ခွာရှောင်ရှားရန် ဆန္ဒရှိကြသော်လည်း တမီးလ်လွတ်မြောက်ရေး ကျားသူပုန်များက ထွက်ခွာခွင့်မပေးဘဲ ပိတ်ပင်ထားသည်ဟု အစိုးရက စွပ်စွဲပြောကြားသည်။

***အင်တာနက်။***

## ရုရှားရေငုပ်သင်္ဘော မတော်တဆမှုဖြစ်၊ ၂၀ ကျော်သေဆုံး

**မော်စကို နိုဝင်ဘာ ၉**

နျူကလီးယားစွမ်းအင်သုံး ရုရှားရေငုပ်သင်္ဘောတစ်စင်း နိုဝင်ဘာ ၈ရက်က မတော်တဆမှုဖြစ်ပွားခဲ့ရာ လူ ၂၀ ကျော်သေဆုံးခဲ့သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယင်းရေငုပ်သင်္ဘောသည် ပစိဖိတ်ရေတပ်မှ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောဖြစ်ပြီး ပင်လယ်ပြင်တွင် ခေတ္တရပ်နားကာ စစ်ဆေးစမ်းသပ်မှုများပြုလုပ်ဆောင်ရွက်နေစဉ်အတွင်း မီးငြိမ်းသတ်သည့် ခလုတ်ကိုဖွင့်လိုက်စဉ် အဆိုပါ မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရေတပ်မှပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သင်္ဘောပေါ်တွင် လူ၂၀၈ဦး လိုက်ပါလာပြီး ၈၁ဦးမှာ စစ်ဘက်ဝန်ထမ်းများဖြစ်သည်ဟု ဆိုသည်။ အဆိုပါသင်္ဘောသည် ရုရှားပင်လယ်ပြင် အရှေ့ဘက် ပရီမိုရီရေပိုင်နက်တွင် ခေတ္တရပ်နားထားခြင်းဖြစ်ပြီး အခြား ဒဏ်ရာရရှိသူ၂၁ဦးအား ရွှေ့ပြောင်းပေးရန်အတွက် ရေတပ် အစောင့်အရှောက်ဖြင့် ခုတ်မောင်းလာသည့် ကယ်ဆယ်ရေးသင်္ဘော ဖြစ်သည်ဟု ဆိုသည်။

ယင်းဖြစ်စဉ်အား စုံစမ်းစစ်ဆေးရန်နှင့် သေဆုံးသူများ၏ မိသားစုဝင်များအား ကူညီထောက်ပံ့ပေးရန် ကာကွယ်ရေးဝန်ကြီးဌာနသို့ ရုရှားသမ္မတ မက်ဗီဒက်က ညွှန်ကြားထားကြောင်း သိရသည်။

***အင်တာနက်။***

## သမ္မတသက်တမ်း ခြောက်နှစ်ထိတိုးရန် မက်ဗီဒက်အဆိုပြု

**မော်စကို နိုဝင်ဘာ ၉**

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်သည် ၎င်း၏သမ္မတ သက်တမ်းကို နောက်ထပ် နှစ်နှစ်ထပ်တိုးရန် အဆိုပြုခဲ့ပြီး ယခုကဲ့သို့ ဆောင်ရွက်ခြင်းမှာ ကရင်မလင်သို့ ဗလာဒီမာပူတင် ပြန်လာရန်အတွက် ပြင်ဆင်ခြင်းဖြစ်သည်ဟု လေ့လာဆန်းစစ်သူများက ပြောကြားသည်။ မက်ဗီဒက်သည် ပူတင်ထံမှ သမ္မတရာထူးကို မေလက လွှဲပြောင်းယူခဲ့ပြီး သမ္မတသက်တမ်းကို လေးနှစ်မှ ခြောက်နှစ်အထိတိုးရန် အဆိုပြုခဲ့သည်။ ထို့ပြင် ရုရှားတို့သည် ကြီးမားသော စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရပြီး နိုင်ငံတည်ငြိမ်မှု ရရှိရန် ဆောင်ရွက်ရာတွင်လည်း အချိန်များစွာလိုအပ်သည့်အတွက် သမ္မတသက်တမ်းကိုတိုးရန် လိုအပ်ကြောင်း နိုင်ငံသို့ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

၎င်းသည် ပါလီမန်သို့အုပ်ချုပ်ရေးအာဏာသက်တမ်းတိုးရန် အဆိုပြုခဲ့ပြီး အစိုးရအနေဖြင့် နိုင်ငံရေးမူဝါဒများနှင့်ပတ်သက်ပြီး ပါလီမန်သို့ နှစ်တိုင်း ပြန်လည်တင်ပြရန် လိုအပ်ကြောင်း ပြောကြားသည်။

သမ္မတသက်တမ်းကို ခြောက်နှစ်အထိ တိုးရန်နှင့် ဒူးမားလွှတ်တော် (အောက်လွှတ်တော်) သက်တမ်းကို ငါးနှစ်အထိတိုးရန် အဆိုပြုခဲ့ကြောင်း မက်ဗီဒက်က ပြောကြားသည်။ ၎င်းသည် ကရင်မလင်၌ ပြုလုပ်သော ပထမဆုံး နိုင်ငံသို့ ပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားကြောင်း သိရသည်။ ထို့သို့ပြောကြားရာတွင် ကမ္ဘာ့ဘဏ္ဍာရေး ပြဿနာများ၊ ရုရှားတပ်ဖွဲ့ လက်နက်တပ်ဆင်ရေးကိစ္စများနှင့် နိုင်ငံရေးတည်ငြိမ်ရေးအတွက် သမ္မတသက်တမ်းကို တိုးရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

သမ္မတနှင့် ဒူးမားလွှတ်တော်ကို အာဏာ လုံလုံလောက်လောက် ပေးထားမှသာလျှင် လွတ်လပ်သည့် နိုင်ငံတော်နှင့် ဒီမိုကရေစီနိုင်ငံတော် ဖော်ဆောင်ရာတွင် အောင်မြင်မှုရရှိလိမ့်မည်ဖြစ်ကြောင်း မက်ဗီဒက်က ဆိုသည်။

***အင်တာနက်။***

## အသက် ၁၀၈ နှစ်ရှိ ပထမကမ္ဘာစစ်မှ စစ်မှုထမ်းဟောင်းကြီး ကွယ်လွန်

**ဆစ်ဒနီ နိုဝင်ဘာ ၉**

ပထမကမ္ဘာစစ်ကြီး ပြီးဆုံးပြီးသည့်နောက် အသက်ရှင်ကျန်ရစ်ခဲ့သူ စစ်ပြန်စစ်မှုထမ်းဟောင်း ငါးဦးရှိသည့်အနက်မှ တစ်ဦးဖြစ်သူ ဆစ်ဒနီမော့ရစ်လူကပ်စ်သည် အသက်၁၀၈ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ပြီဟု သက်ဆိုင်ရာက ကြေညာသည်။

၎င်းကို ၁၉၀၀ ပြည့်နှစ် စက်တင်ဘာ ၂၁ ရက်တွင် လက်ဆစ်စတာမြို့၌ မွေးဖွားသည်။ ၁၉၁၈ ခုနှစ်တွင် စစ်ထဲဝင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းကလည်း အခက်အခဲအမျိုးမျိုးကို ကျော်လွှားလွတ်မြောက်နိုင်ခဲ့သည်။ ၁၉၂၈ ခုနှစ်က ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့သို့ ပြောင်းရွှေ့နေထိုင်ပြီး ထိုအိမ်၌ပင် နိုဝင်ဘာ ၄ ရက် အရောက်၌ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

၁၉၄၀ ပြည့်နှစ်တွင် ဩစတြေးလျစစ်တပ်သို့ အပျော်သဘောဖြင့် ဝင်ရောက်ခဲ့ပြီး စက်သေနတ်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ပါလက်စတိုင်းသို့ ထွက်ခွာခဲ့သည်။ ထိုမှတစ်ဆင့် ဩစတြေးလျ တပ်ဖွဲ့ဝင်များနှင့် ဂရိနိုင်ငံသို့ ခရီးထွက်ရန်ဖြစ်သော်လည်း အူအတက်ပေါက်သဖြင့် ဂျာမနီနှင့် အီတလီသို့လည်းမသွားနိုင်ခဲ့ပေ။ ထို့ကြောင့် ၁၉၄၁ခုနှစ်တွင် ဩစတြေးလျသို့ပြန်လာခဲ့ရသည်။ သူ၏ဘဝတစ်လျှောက်လုံးတွင် အရက်ကို အနည်းငယ်သာ သောက်သုံးခြင်းဖြင့် အသက်ရှည်အောင် နေထိုင်နိုင်ခဲ့သည်ဟုဆိုသည်။

***အင်တာနက်။***



ကမ္ဘာ့အသက်အငယ်ဆုံးဖြစ်သော အသက် ၂၈ နှစ် အရွယ်ရှိ ဘူတန်နိုင်ငံ၏ ငါးဆက်မြောက်ဘုရင် ဂျင်မီကီဆာနွမ်ဝမ်ချုပ်အား နိုဝင်ဘာ ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ဟားမတ်စ်စစ်သွေးကြွများက အစ္စရေးသို့ ဒုံးကျည်များဖြင့် ပစ်ခတ်

**ဂါဇာစီတီး (ဂါဇာကမ်းမြောင်) နိုဝင်ဘာ ၉**

အစ္စရေးတပ်ဖွဲ့ဝင်များက လတ်တလောတိုက်ခိုက်မှုအဖြစ် သေနတ်သမားခြောက်ဦးအား သတ်ဖြတ်ခဲ့ပြီးနောက် ဟားမတ်စ်စစ်သွေးကြွများက တောင်ပိုင်းအစ္စရေးဒေသသို့ ဒုံးကျည်များဖြင့် ဗုဒ္ဓဟူးနေ့က အပြင်းအထန် ပစ်ခတ်ကြကြောင်း အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များအား ပြန်ပေးဆွဲရန်အတွက် နယ်စပ်အနီးတွင် ဥမင်လိုဏ်ခေါင်းတူးသည်ဟု အစ္စရေးတပ်ဖွဲ့က ပြောကြားပြီး ယင်းအကြံအစည်ကို ဖျက်ဆီးရန် ဂါဇာဒေသအတွင်းသို့ ရုတ်တရက်ဝင်ရောက်ပြီးနောက်တိုက်ခိုက်မှုများ ကြာသပတေးနေ့တွင် စတင်ခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် ငါးလကြာ သက်တမ်းရှိပြီဖြစ်သော အပစ်အခတ်ရပ်စဲရေးကို ကျိုးပေါက်သွားစေသည်။ ယင်းသို့ အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားလင့်ကစား အစ္စရေးအာဏာပိုင်များနှင့် ဂါဇာဒေသရှိ ဟားမတ်စ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် တည်ငြိမ်မှုကို ဆက်လက်ထိန်းထားရန် လိုလားလျက်ရှိသည်ဟု ဆိုသည်။ အစ္စရေးတပ်ဖွဲ့ဝင်များက ကျူးကျော်ခဲ့ပြီးနောက် ဟားမတ်စ်သေနတ်သမားများသည် အစ္စရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်မှုများဖြစ်ပွားကြသည်။ ပေါက်ကွဲသံများ၊ သေနတ်သံများနှင့်ရဟတ်ယာဉ်မှ ပစ်ခတ်သံများ ကြားရကြောင်း ဂါဇာဒေသခံများက ပြောကြားကြသည်။ ထိုတိုက်ခိုက်မှုကြောင့် ဟားမတ်စ် သေနတ်သမားတစ်ဦး သေဆုံးသွားသည်။

***အင်တာနက်။***

အမေရိကန် ဒေါ်လာ ၁၀၊ စတာလင်ပေါင်ခြောက်ပေါင်နှင့် ညီမျှသော ဇင်ဘာဘွေနိုင်ငံမှ အသစ်ထုတ်လုပ်သည့် ဒေါ်လာတစ်သန်းတန် ငွေစက္ကူကို နိုဝင်ဘာ ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)




## ရမ်းအီမာနျူရယ်လ် အိုဘားမား၏ အိမ်ဖြူတော် အကြီးအကဲဖြစ်လာ

**ချီကာဂို နိုဝင်ဘာ ၉**

အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခြင်းခံရသော ဘာရက်အိုဘားမားသည် ရမ်းအီမာနျူရယ်လ်အား အိမ်ဖြူတော် အကြီးအကဲအဖြစ် ကြာသပတေးနေ့က ရွေးချယ်လိုက်သည်။

အိမ်ဖြူတော်အကြီးအကဲသည် အစီအစဉ်များ ပြီးမြောက်အောင်မြင်ရန် အုပ်ချုပ်ခြင်းနှင့် သမ္မတစွမ်းဆောင်ရည်အတွက် အဓိကကျသဖြင့် အဆိုပါရာထူးခန့်အပ်ခြင်းကို ပထမဆုံး ကြေညာခြင်းဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်လာစေရမည်ဟု ရွေးကောက်ပွဲအတွက် မဲဆွယ်စဉ်ကာလတွင် အိုဘားမားက ကတိကဝတ်ပြုခဲ့သည်။ အိမ်ဖြူတော်အကြီးအကဲသည် သမ္မတ၏ အနီးကပ်ဆုံး အကြံပေးများထဲမှ တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရသည်။

အသက်(၄၈)နှစ် ရှိပြီဖြစ်သည့် အီမာနျူရယ်လ်သည် အီလီနွိုက်စ်ပြည်နယ်မှ အထက်လွှတ်တော်အမတ်ဖြစ်ပြီး သမ္မတဟောင်းဘီလ်ကလင်တန်၏ အိမ်ဖြူတော်တွင် အတွေ့အကြုံရှိခဲ့သူဖြစ်သည်။ ၎င်းသည် အိုဘားမားနှင့် ၎င်း၏အတွင်းစည်းမှ ပုဂ္ဂိုလ်များနှင့် ရင်းနှီးသူလည်းဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

# စာလုံးပေါင်းသတ်ပုံ ဇာတ်လမ်းကလေးများ

မောင်ခင်မင်(ဓနုဖြူ)

“အေး. . . မင်းရောက်လာတာ အတော်ပဲ။ မင်းကို ဒီဖိတ်စာတစ်စောင် ပြချင်လို့၊ ကြွေစက္ကူနဲ့ ရွှေစာလုံးနဲ့ ခမ်းခမ်းနားနားရိုက်ထားပြီး ခုတော့ နှမြောစရာကောင်းလိုက်တာကွာ”

တစ်ညနေတွင် ငယ်ဆရာတစ်ယောက်၏အိမ်သို့ ကျွန်တော် ရောက်သွားသည်။ ကျွန်တော်ဧည့်ခန်းမှာ ထိုင်ထိုင်ချင်း ဆရာက ဤသို့ ပြောရင်း ဖိတ်စာကတ်ပြားတစ်ခု လှမ်းပေးသည့်အတွက် ယူကြည့်လိုက်ရသည်။

ဆရာမှာ ကျွန်တော် အထက်တန်းကျောင်းသားဘဝက မြန်မာစာ သင်ပေးခဲ့သောဆရာဖြစ်သည်။ တစ်သက်လုံး မြန်မာစာနှင့် မွေ့လျော်ခဲ့သော ပညာရှင်ဖြစ်သည်။ ယခု ဆရာအသက် ၇၀ကျော်နေပြီ ဖြစ်သော်လည်း စာဖတ်ရှိန်မကျသေး။ ဆရာက “ခုတော့နှမြောစရာကောင်းလိုက်တာကွာ”ဟု ပြောသည်ကို ရုတ်တရက် နားမလည်သော်လည်း ဖိတ်စာကိုကြည့်လိုက်တော့ ကျွန်တော် သဘောပေါက်သွားပါပြီ။ ဖိတ်စာမှာ ထိမ်းမြားမင်္ဂလာဖိတ်စာ ဖြစ်သည်။ မင်္ဂလာအခမ်းအနားကို ဟိုတယ်ကြီးတစ်ခုမှာ ကျင်းပမည်။ ကျင်းပမည့်အချိန်က **“နေ့လည် ၂နာရီ”** တဲ့။ **‘နေ့လယ်’**ဟု ရေးရမည်ကို **‘နေ့လည်’**ဟု စာလုံးပေါင်းမှားနေသည့်အတွက်ဆရာ‘နှမြော’ခြင်း ဖြစ်ပါသည်။ ဆရာကဆက်ပြောသည်။

“မင်းကားနဲ့မြို့တစ်ပတ် ပတ်ကြည့်ပါလား။ နာမည်လှလှကလေးတွေနဲ့ အိမ်ရာစခန်းဆိုင်းဘုတ်တွေမှာ **‘အိမ်ယာ၊ အိမ်ယာ’** ဆိုပြီး စာလုံးပေါင်း အမှားကြီးတွေနဲ့ ရေးထားတာ တွေ့ရပါလိမ့်မယ်။ ဆရာတော့ ဆိုင်းဘုတ်တွေ ကြည့်ကြည့်ပြီး စိတ်တိုလာရောကွာ”

တစ်သက်လုံး မြန်မာစာကို အလေးထားလာသောဆရာ့အနေနှင့် စိတ်တိုမည်ဆိုလျှင်လည်း စိတ်တိုစရာပင်။ အခိုင်အမာ ကမ္ပည်းထိုးသော ထိုစာများ၌ပင် စာလုံးပေါင်း သတ်ပုံမှားနေသည်ဆိုတော့ အလေးမထားသည့် သဘောရောက်နေပါသည်။

ဆရာ့အိမ်က ပြန်လာပြီး မြန်မာစာ အရေးအသားအကြောင်း အတွေးမျှင်တန်းနေမိသည်။ ‘စာလုံးပေါင်းသတ်ပုံမှန်ဖို့’ ဆိုသော အချက်သည် မြန်မာစာရေးသားရာမှာ အခြေခံအကျဆုံးလိုအပ်ချက် ဖြစ်ပါသည်။ မြန်မာစာမှာ ‘ဘယ်အကြောင်းကိုရေးရင် ဘယ်လိုစာလုံးပေါင်းရမယ်’ ဟု သတ်မှတ်ထားသော စည်းကမ်းချက်များရှိပါသည်။ ထိုစည်းကမ်းချက်များနှင့်အညီရေးမှ ဆိုလိုသောအဓိပ္ပာယ် ရပါလိမ့်မည်။

ဖြစ်ရပ်ကလေးတစ်ခု ကြားဖူးပါသည်။ တစ်ခါတွင် မိန်းမတစ်ယောက်က ဘုန်းကြီးကျောင်းကို ငါးခြောက်သွားလှူဖို့အတွက် **“ကြောင်အိမ်ထဲက ငါးရံ့ခြောက်တွေ ထုတ်ထားလိုက်ပါ”**ဟု အိမ်မှာရှိသော တူမလေးဆီကို တစ်နေရာက လူကြုံနှင့် စာရေးပေးလိုက်သည်။ သူအိမ်ပြန်ရောက်တော့ ငါးခြောက်တွေ အပြင်မှာမတွေ့သည့်အတွက်



မေးကြည့်သောအခါ တူမလေးက **“ငါးခြောက်တွေ ထုပ်ထားလိုက်ပါဆိုလို့ သမီး ပလတ်စတစ်အိတ်နဲ့ သေသေချာချာထုပ်ပြီး သိမ်းထားလိုက်ပြီလေ အဒေါ်ရဲ့”**ဟု ပြန်ပြောသည်တဲ့။ အဒေါ်က ငါးခြောက်တွေ အပြင်ကို**ထုတ်**ခိုင်းသည်။ တူမက ပလတ်စတစ်အိတ်နှင့်**ထုပ်**ပြီး သိမ်းလိုက်သည်။ ဇာတ္တတော့ တူမလေးမှာ စာကောင်းကောင်း မတတ်တာလား။ သတ်ပုံဂရုမစိုက်တာလား။ တစ်ခုခုတော့ တစ်ခုခုပင်။

ရှေးကပုံပြင်တစ်ပုဒ်ကို ဆက်စပ်သတိရမိပါသည်။ မြန်မာမင်းများလက်ထက်တွင် မြို့သူကြီးတစ်ယောက်က ရွာသားတစ်ယောက်ကို **‘လှည်းတစ်စီးစာ’** ထင်းလာပို့ရန် အမိန့်စာပို့သည်။ ဘယ်သူက ရေးလိုက်သည်မသိ။ **‘ထင်းတစ်စီး’** ပို့ပါဟု ရေးရမည်ကို သတ်ပုံမှားပြီး **‘ထင်းတစ်စည်း’** ပို့ပါဟု ရေးလိုက်မိသည်။ ထိုအခါ ရွာသားက ထင်းလေးငါးချောင်းကို ကြိုးနှင့်စည်းပြီး လာပို့ပါသည်. . . တဲ့။

ဆရာမောင်သုတ (ဗိုလ်မှူးဘသောင်း)သည် မြဝတီမဂ္ဂဇင်းတွင် ‘မြန်မာစာမြှင့်ချင်လွန်းလို့’ ခေါင်းစဉ်ဖြင့် အခန်းတစ်ခန်းဖွင့်ပြီး မြန်မာစာလုံးပေါင်းသတ်ပုံမှန်ကန်ရေးအတွက် လစဉ်အကျယ်တဝင့် ဆွေးနွေးခဲ့ပါသည်။ ဆရာက စာလုံးပေါင်း သတ်ပုံမှားသည့်အတွက် ကြေကွဲဖွယ်ဖြစ်ခဲ့ရသော ဇာတ်လမ်းကလေးတစ်ခုကို ပြောပြဖူးသည်။ တစ်ခါက မိဘသဘောမတူသော ချစ်သူနှစ်ဦးတို့ မောင်တစ်ရွာ



မယ်တစ်မြို့ ဝေးကွာနေရစဉ် မိန်းကလေးက ယောကျ်ားလေးထံသို့ စာတစ်စောင်ပို့လိုက်သည်။ စာထဲမှာ တစ်ယောက်နှင့်တစ်ယောက် **‘ပေါင်းရဖို့နီးပါပြီ’**ဟု ရေးလိုက်သည်။ ယောကျ်ားကလေးမှာ စိတ်ပျော့သူဖြစ်ရာ မိန်ကလေးထံမှစာကို ဖတ်ပြီးပြီးချင်း စိတ်ထိခိုက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ပါသတဲ့။ ဘာကြောင့်ပါလဲ။ မိန်းကလေးက **‘ပေါင်းရဖို့နီးပါပြီ’**ဟု ရေးလိုရင်းဖြစ်သော်လည်း စာလုံးပေါင်းမှားပြီး **‘ပေါင်းရဖို့နည်းပါပြီ’**ဟု ရေးလိုက်မိသည့်အတွက် ယောကျ်ားကလေးမှာ ပေါင်းရဖို့အခွင့်အလမ်းနည်းပါပြီဟု နားလည်ပြီး သတ်သေလိုက်ခြင်း ဖြစ်ပါသည်. . . တဲ့။ စိတ်ဝင်စားစရာ ဇာတ်လမ်းကလေးတစ်ပုဒ်ပင်။

ယခုပြခဲ့သော သာဓကများက ဘာကိုဖော်ပြနေပါသလဲ။ စာလုံးပေါင်း သတ်ပုံမှားလျှင် အဓိပ္ပာယ်လွဲမှားသွားနိုင်သည်ဆိုသောအချက်ကို ဖော်ပြနေပါသည်။ စာလုံးပေါင်းသတ်ပုံမှားသည့်အတွက် ထိခိုက်နစ်နာစရာ ဆိုးကျိုးများအထိ ကြုံနိုင်ပါသည်။

ထိခိုက်နစ်နာစရာ ဆိုးကျိုးနှင့် မတွေ့လျှင်တောင်မှ **‘အပြင်မှာထုတ်ထားရမှာလား’၊ ‘အထဲမှာထုပ်ထားရမှာလား’** ဟူ၍ ဇဝေဇဝါဖြစ်ပြီး အဓိပ္ပာယ် အကောက်အယူမှားနိုင်ပါသည်။ **‘နေ့လယ်’**ကို **‘နေ့လည်’**၊ **‘အိမ်ရာ’**ကို **‘အိမ်ယာ’** ဟု မှားရေးသည့်အတွက် အဓိပ္ပာယ်အမှန်ကို မသိနိုင်တော့လောက်အောင် အခြေအနေ ဆိုးမသွားသော်လည်း မြန်မာစာလုံးပေါင်း သတ်ပုံစည်းကမ်းကို ဖောက်ဖျက်သွေဖည်ရာရောက်ပါသည်။ အားလုံးလိုက်နာကျင့်သုံးရန် သတ်မှတ်ထားသည့် စည်းကမ်းကို မလိုက်နာရာကျပါသည်။

“ဒီနေ့ လူငယ်တော်တော်များများဟာ အင်္ဂလိပ်စာရေးရင် ‘စပယ်လင်’ (Spelling) မှားမှာကို ဂရုစိုက်သလောက် မြန်မာစာ စာလုံးပေါင်းမှားမှာကို ဂရုမစိုက်ကြဘူး” ဆိုသော အသံမျိုးလည်း ကြားရတတ်ပါသည်။

ဘာကြောင့် စာလုံးပေါင်းသတ်ပုံ မှားရပါသလဲ။ အသံတစ်သံကို ဖော်ပြနိုင်သော စာလုံးပေါင်းပုံတစ်မျိုးမကရှိသော စာလုံးများရေးရာမှာ ‘ဟိုလို စာလုံးပေါင်းရမလား၊ ဒီလိုစာလုံးပေါင်းရမလား’ ဟု မသဲမကွဲဖြစ်ပြီး မှားခြင်းဖြစ်ပါသည်။ ‘ခွေး’ဆိုသော စာလုံးကိုရေးလျှင် စာလုံးပေါင်းမှားစရာအကြောင်း မရှိပါ။ ‘ခွေး’ဆိုသော အသံအတွက် စာလုံးပေါင်းပုံ တစ်မျိုးတည်းသာရှိသောကြောင့်ဖြစ်သည်။ ထို့အတူ ‘ငို၊ မူး၊ ပေး’ ဆိုသော အရေးများလည်း စာလုံးပေါင်းမမှားနိုင်ပါ။ စာလုံးပေါင်းပုံတစ်မျိုးစီသာရှိပါသည်။

စာလုံးပေါင်းပုံတစ်မျိုးမက ရှိလျှင်တော့ မှားနိုင်သည့် အခွင့်အလမ်းရှိပါသည်။ ဘယ်လိုစာလုံးမျိုးတွေပါလဲ။ **‘ျ(ယပင့်) နှင့် ြ (ရရစ်)၊ ဥနှင့် ည၊ ဗနှင့်ဘ၊ ယနှင့် ရ -တ် နှင့်-ပ်၊ -န် နှင့် -မ် (ံ)၊ -င် နှင့်-ဉ်၊ ဉ်-နှင့် -ည်’** တို့မှာ စာလုံးပေါင်း သတ်ပုံမှားနိုင်သော စာလုံးများဖြစ်ပါသည်။

စာလုံးပေါင်းသတ်ပုံကွဲသော ‘စကားလုံးအမှန်’ အချို့ကို ယှဉ်ပြပါမည်။ **‘ကြော်ငြာ-ကြေညာ၊ ကျူးကျော်-အစားကြူး၊ ဗူးသီး-ဆေးဘူး၊ ယောင်ယမ်း (အသံ)-ရောင်ရမ်း(ဖောရောင်)၊ ခြင်းလုံးခတ်-ရေခပ်၊ ခန်းမ-ခမ်းနား၊ လက်ရွေးစင်-ဖိတ်စဉ်၊ ရင့်ရင့်သီးသီး-သည်းထန်’** တို့သည် စာလုံးပေါင်း အမှန်တွေချည်း ဖြစ်ပါသည်။

**‘နေ့လယ်’**နှင့်**‘နေ့လည်’** မှားပုံမျိုးကတော့ **‘နေ့လည်’**ကို **‘နေ့လယ်’** ဟု အသံထွက်ရသဖြင့် အသံထွက်ချင်းတူပြီး မှားရခြင်းဖြစ်သည်။ **‘လယ်’က အလယ်ကောင်၊ ‘လည်’ က‘လည်ပတ်သည်’**ဟု ကွဲပြားပါသည်။

စာလုံးပေါင်းသတ်ပုံမှန်အောင် ဘယ်လိုလုပ်ရမလဲ။ စာလုံးပေါင်းသတ်ပုံကိစ္စမှာ ပုံသေနည်းမရှိပါ။ စာလုံးပေါင်းအမှန်တွေကို မျက်စိထဲမှာ၊ စိတ်ထဲမှာ စွဲနေအောင် ဂရုတစိုက်မှတ်သားသောနည်းမှာ အကောင်းဆုံးဖြစ်ပါသည်။ စာလုံးပေါင်းသတ်ပုံမှန်ဖို့အတွက် ဖော်ပြပါ ဇာတ်လမ်းကလေးတွေလို ဇာတ်လမ်းမျိုးတွေ ဖန်တီးပြသည့် နည်းကလည်း အထောက်အကူပြုပါသည်။ ဇာတ်လမ်းနှင့် ဆက်စပ်ပြီး စာလုံးပေါင်းသတ်ပုံအမှန်ကိုပါ မှတ်မိသွားနိုင်ပါသည်။ ။

## တောင်ပိုင်းဒေသများ မိုးဆက်လက် ထစ်ချုန်းရွာမည်

ရန်ကုန် နိုဝင်ဘာ ၉

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရခိုင်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်တို့အောက် ၈ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်မှာ** ဟားခါးမြို့တွင် ဝဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သထုံမြို့တွင် ဝ ဒသမ ၈၆လက်မ၊ ရေးမြို့တွင် ဝ ဒသမ ၃၉ လက်မနှင့် မြိတ်မြို့တွင် ဝ ဒသမ ၂ဝလက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**နိုဝင်ဘာ ၁၀ရက်ညနေထိ ခန့်မှန်းချက်။** ။မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**။ ။မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၄ဒသမ ဝ ဒီဂရီစင်တီဂရိတ် (၉၃ ဒီဂရီဖာရင်ဟိုက်) ၈-၁၁-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၀ ဒသမ ဝ ဒီဂရီစင်တီဂရိတ် (၆၈ဒီဂရီဖာရင်ဟိုက်) ၉-၁၁-၂၀၀၈

ဝ၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း ၉-၁၁-၂၀၀၈

နေပူသည့်နာရီပေါင်း ၁၀ဒသမ၂ နာရီခန့် ၈-၁၁-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၉-၁၁-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂မမ | ၃၀၇၂မမ | ၃၅၈၀မမ |
| ယနေ့အထိ | (၁၁၀ဒသမ ၃၁လက်မ) | (၁၂၀ဒသမ ၉၅လက်မ) | (၁၄၀ဒသမ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၈-၁၁-၂၀၀၈ ရက် ၉း၃၀နာရီတွင် မြောက်ဘက်မှ တစ်နာရီခြောက်မိုင်နှုန်း တိုက်ခတ်သည်။

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၁-၂၀၀၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၇း၂၀ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ **“ကျန်းမာသန်ထွားဉာဏ်မြင့်မား” (မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္က သိုလ်ဝွမ်းပုံ)(ဒါရိုက်တာ-ခင်ဇော်(ကုမုဒြာ)**
- ၇း၅၀ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၈း၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၀ ၇။ တန်ဆောင်တိုင်တေးများ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ အတီးပြိုင်ပွဲ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၃၅ ၄။ တေးဂီတအစီအစဉ်
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ-ဒုတိယနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ အကပဒေသာ
- ၅း၁၀ ၈။ တန်ဆောင်တိုင်တေးများ
- ၅း၁၅ ၉။ မြန်မာစာ မြန်မာစကား (အပိုင်း-၂)
- ၅း၂၅ ၁၀။ ရုပ်မြင်ရသတေးစုကဏ္ဍ (နီနီဝင်းရွှေ)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၄၀ ၁၃။ နွဲ့လိုက်စို့တူပျော်ပျော်တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်
- ၇း၀၀ ၁၄။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇း၁၅ ၁၅။ **နိုင်ငံခြား ဇာတ်လမ်းတွဲ “စူပါမင်းနှင့်မာနရှင်” (အပိုင်း-၅)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မျက်ဝန်းရိပ်”(အပိုင်း-၂၅)**
- ၂၀။ အစီအစဉ်ပြီး၏။

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးဆွေးနွေးပွဲ တက်ရောက်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ National Convention Centre ရှိ အခန်းအမှတ် (၃၃၉)၌ ကျင်းပသည့် တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်သည်။**



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ National Convention Centre ရှိ အခန်းအမှတ်(၃၃၉)၌ ကျင်းပသည့် တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာဆွမ်ချိုင်းဝမ်ဆာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းတို့သည် ACMECS အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု၏ တိုးတက်မှုအခြေအနေနှင့် ACMECS ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ACMECS ပူးပေါင်း ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စတာဆွမ်ချိုင်းဝမ်ဆာဝပ်က ပူးပေါင်းဆောင်ရွက်မှုများ၏ တိုးတက်မှုအခြေအနေနှင့် ACMECS ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထိပ်သီးဆွေးနွေးပွဲ၌ အိမ်ရှင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းက ဦးဆောင်ဦးရွက်ပြု၍ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များသည် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပုဂ္ဂလိက ကဏ္ဍ၏ ပါဝင်မှုကို အလေးထားရေး၊ အက်မက်စ် စီးပွားရေးကောင်စီ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ရေး၊ နယ်စပ်ဒေသများ၌ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူရေး၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်ရေး၊ စက်မှုနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာလှည့်ခရီးသွားလာရေး၊ ပြည်သူ့ကျန်းမာရေး ပူးပေါင်းဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အက်မက်စ် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ ဖြည့်စွက်ထူထောင်ရေး၊ စတုတ္ထအကြိမ် အက်မက်စ် ထိပ်သီးအစည်းအဝေးကျင်းပရေး ကိစ္စများအပေါ် အသေးစိတ် သဘောထားအမြင်များဖလှယ်၍ တတိယအကြိမ် အက်မက်စ် ထိပ်သီးအစည်းအဝေးကြေညာချက်စာတမ်း ထုတ်ပြန်နိုင်ရန် ညှိနှိုင်းဆွေးနွေး အတည်ပြုပြီး စတုတ္ထအကြိမ်အက်မက်စ် ထိပ်သီးအစည်းအဝေးကို ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ လက်ခံကျင်းပမည်ဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်ကြသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ငုယင်တန်ဇွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးဆွေးနွေးပွဲကို နံနက် ၁၁ နာရီတွင် ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ACMECS ဝန်ကြီးချုပ်များသည် National Convention Centre ရှိ အခန်းအမှတ်(၂၄၃)၌ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၉

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ ACMECS ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက နိုဝင်ဘာ၇ရက် ည ၇ နာရီတွင် ဟနွိုင်းမြို့ရှိ National Convention Centre ညစာစားပွဲ ခန်းမ(၁၀၉)၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။** (အောက်ပုံ)

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာဆွမ်ချိုင်းဝမ်ဆာဝပ်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်းနှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာဆွမ်ချိုင်းဝမ်ဆာဝပ်က ကျေးဇူးတင်ဂုဏ်ပြုစကား ပြန်လည်ပြောကြားသည်။

ဂုဏ်ပြုညစာ သုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်ယဉ်ကျေးမှုအဖွဲ့ဝင်များက ရိုးရာတေးဂီတဖြင့် တွဲဖက်၍ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ဟနွိုင်းဒေဝူးဟိုတယ်သို့ ရောက်ရှိရပ်နားကြသည်။ (သတင်းစဉ်)









# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နွိုင်းမြို့ Tu Liem ခရိုင်ရှိ The National Institute of Animal Sciences သို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်သိမ်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နွိုင်းမြို့ Tu Liem ခရိုင်ရှိ The National Institute of Animal Sciences သို့ ရောက်ရှိကြသည်။**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကျောင်းဧည့်ခန်းမ၌ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Vu Van Tam က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အမျိုးသားမွေးမြူရေးသိပ္ပံ တက္ကသိုလ်ကျောင်းအုပ်ကြီး Dr. Hoang Van Tieu က သင်တန်းကျောင်း၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဌာနခွဲများအခြေအနေ၊ မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

## အစာစပ်စက်ရုံတွင် ကြည့်ရှုလေ့လာ

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟန္နွိုင်းမြို့ Tu Liem ခရိုင် The National Institute of Animal Sciences ရှိ အစာစပ်စက်ရုံတွင် ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးဇူးတင်ကြောင်းပြောကြားပြီးနောက် ကျောင်း၏သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် သုတေသနလုပ်ငန်းများအကြောင်းကို မေးမြန်းရာ ကျောင်းအုပ်ကြီးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျောင်းမှထုတ်ဝေသော စာအုပ်များကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အစာစပ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝက်မွေးမြူရေး သုတေသနဌာန (Thuy Phuong Pig Research Centre) နှင့် ကြက်၊ ဘဲ မွေးမြူရေးဌာနများသို့ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Le Doam Hop က ဟန္နွိုင်းမြို့ နွိုင်ဘိုင်း အပြည်ပြည် ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။**(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နွိုင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၉

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နွိုင်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် နိုဝင်ဘာ ၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီခွဲတွင် ခေတ္တတည်းခိုသည့် ဟန္နွိုင်းမြို့ရှိ ဟန္နွိုင်းဒေဝူးဟိုတယ်မှ နွိုင်ဘိုင်း (Noibai) အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးအောင်သိမ်းနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းအောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး တင်ထွန်းအေးနှင့် ဇနီး၊ သံရုံးမိသားစုများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Le Doam Hop တို့က နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဗီယက်နမ်အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် အထူးလေယာဉ်သည် ဟန္နွိုင်းမြို့ နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီခွဲတွင် ပြန်လည်ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညနေ၃နာရီ မိနစ် ၅၀ တွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)


## ဓာတ်ငွေ့ /ဓာတ်ငွေ့ရည် ဆလင်ဒါအိုးသုံးစွဲသူများ အထူးသတိပြုရန်

၁။ စီအင်န်ဂျီ၊ အောက်ဆီဂျင်၊ နိုက်ထရိုဂျင်၊ အောက်ဆီအက်ဆီတလင်း၊ အယ်လ်ပီဂျီ စသည့် ဓာတ်ငွေ့/ဓာတ်ငွေ့ရည်ထည့်သွင်း အသုံးပြုရန် ထုတ်လုပ်ထားသော ဆလင်ဒါအိုးအမျိုးအစားအလိုက် ဖိအားခံနိုင်ရည်ရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဆလင်ဒါအိုးအမျိုးအစား | ဖိအားခံနိုင်ရည်ရှိမှု |
|---|---|---|
| (က) | စီအင်န်ဂျီ | ၃၀၀၀ပေါင်/စတုရန်းလက်မ |
| (ခ) | အောက်ဆီဂျင်နှင့်နိုက်ထရိုဂျင် | ၂၂၀၀ပေါင်/စတုရန်းလက်မ |
| (ဂ) | အောက်ဆီအက်ဆီတလင်း | ၂၅၀ ပေါင်/စတုရန်းလက်မ |
| (ဃ) | အယ်လ်ပီဂျီရေနံဓာတ်ငွေ့ရည် | ၃၀ပေါင်/စတုရန်းလက်မမှ |
| | | ၂၀၀ ပေါင်/စတုရန်းလက်မ |

၂။ သို့ဖြစ်ပါ၍ ဓာတ်ငွေ့/ဓာတ်ငွေ့ရည်အမျိုးအစားအလိုက် ထည့်သွင်း အသုံးပြုသည့် ဆလင်ဒါအိုးများ၏ ဖိအားခံနိုင်ရည်ရှိမှု ကွာခြားချက်ကြောင့် ဖိအားအလွန်များသည့် စီအင်န်ဂျီကဲ့သို့ဓာတ်ငွေ့ကို အခြားဓာတ်ငွေ့/ဓာတ်ငွေ့ရည် ဆလင်ဒါအိုးအတွင်းသို့ ပြောင်းလဲထည့်သွင်းပါက ပေါက်ကွဲမီးလောင်မှုဖြစ်ပွားပြီး အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးမည်ဖြစ်ပါသဖြင့် ဓာတ်ငွေ့/ဓာတ်ငွေ့ရည် အမျိုးအစားအလိုက် သတ်မှတ်ထားသည့် ဆလင်ဒါအိုးအမျိုးအစားကိုသာ အသုံးပြုကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။ **စွမ်းအင်ဝန်ကြီးဌာန**


# ဆင်ပေါင်ဝဲမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ဆင်ပေါင်ဝဲမြို့နယ်အသင်း (ရန်ကုန်)သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၁၅ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရားလမ်းရှိ နေနတ်သားစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ပွဲအတွက် အသက်(၈၀)ပြည့်ပြီး အသင်းဝင်များနှင့် အသင်းဝင်မိဘများ၏ သားသမီးများအနက်မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် နိုဝင်ဘာ ၁၂ ရက်မတိုင်မီ ဖုန်း-၅၃၇၂၅၆၊ ၇၂၇၉၇၀၊ ၅၆၆၃၁၆၊ ၅၃၆၃၆၁ တို့သို့ ဆက်သွယ်ကြရန်နှင့် အသင်းဝင်များတက်ရောက်ပါရန် ဖိတ်ကြားထားကြောင်းနှင့် ဖိတ်စာမရရှိပါကလည်း တက်ရောက်ရန် အသိပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အက်မက်စ်နိုင်ငံများတွင် ညီမမြို့တော်များတည်ဆောက်ရန် စာချုပ်များ ချုပ်ဆိုဆောင်ရွက်ခြင်းဖြင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးတို့တွင် အထောက်အပံ့ ဖြစ်စေမည်

✧ ကျောဖုံးမှ
ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်သိမ်း၊အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီး သန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကမ္ဘောဒီးယား၊လာအို၊ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင် ခေါင်းဆောင်သော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် ACMECSအဖွဲ့ဝင်နိုင်ငံများမှ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဗီယက်နမ် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ Mr.Hoang Van Dung က ACMECS စီးပွားရေးဖိုရမ်၏ လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ACMECS အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့မှ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်း ကိုယ်စားလှယ်များက ACMECS စီးပွားရေးဖိုရမ်၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ACMECS စီးပွားရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းအောင်က ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ CLMV နိုင်ငံများတွင် လက်ကား ဈေးများ တည်ထောင်၍ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကုန်သွယ်မှု ကွင်းဆက်များဖွံ့ဖြိုးရေး၊ ACMECS နိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု (Cross Border Trade)၊ တစ်ဆင့်ခံ ကုန်သွယ်မှု (Transit Trade)၊ နယ်စပ်ကုန်သွယ်မှု(Border Trade)များ လျင်မြန်စွာ ဖွံ့ဖြိုးလာသည့်အလျောက် ကုန်သွယ်မှုပြုသူများအခက်အခဲမရှိစေရန် ဘဏ်စနစ်ဖြစ်ပေါ်လာစေရေးကို အစိုးရများက ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ အဆင့်မြင့် ဘွဲ့ကြို၊ ဘွဲ့လွန်၊ ပါရဂူသင်တန်းများကို သွေးသစ်လောင်း အစီအစဉ်အဖြစ် ပညာသင်ဆုများ နှစ်စဉ်ချီးမြှင့်ပေးရေးနှင့် ဦးရေတိုးမြှင့် သတ်မှတ်ပေးရေး၊ အရှေ့အနောက် စီးပွားရေးစင်္ကြံ၏ အနောက်ဘက်ပိုင်းဖြစ်သည့် ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းတစ်လျှောက် ရေနက်ဆိပ်ကမ်း ဖြစ်ပေါ်လာစေရေးအတွက် အရေးပါမှုများကို တင်ပြဆွေးနွေးသည်။

ယင်းနောက် ထိုင်းနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်း ကိုယ်စားလှယ်က ACMECS စီးပွားရေးဖိုရမ်၏ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းတို့က ACMECS စီးပွားရေးဖိုရမ်၏ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သုံးသပ်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ACMECS စီးပွားရေးဖိုရမ်၏ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားရာတွင် အက်မက်စ် ထိပ်သီးအစည်းအဝေး၌ ယခုကျင်းပပြုလုပ်သည့် အဖွဲ့ဝင်နိုင်ငံများ၏ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲမှာ ဒုတိယအကြိမ်ပြုလုပ်သည့် အစီအစဉ် ဖြစ်ပါကြောင်း၊ ၂၀၀၃ခုနှစ် ပထမအကြိမ် အက်မက်စ် ထိပ်သီးအစည်းအဝေးမှ ချမှတ်ပေးခဲ့သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ရည်မှန်းချက်များနှင့် ၂၀၀၅ခုနှစ် ဒုတိယအကြိမ် အက်မက်စ် ထိပ်သီးအစည်းအဝေးကြီး၏ သဘောတူညီချက်များကို အကောင်အထည်ဖော်ရာတွင် အားဖြည့်ပေးမည့် အရေးပါသော အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း။

၂၀၀၃ခုနှစ် မြန်မာနိုင်ငံ ပုဂံ၌ကျင်းပခဲ့သော ပထမအကြိမ်အက်မက်စ် ထိပ်သီးအစည်းအဝေးတွင် လေးနိုင်ငံ နိုင်ငံခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့ကြသည့် ပုဂံကြေညာစာတမ်း၌ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာကို ရည်မှန်းချက် (၄)ရပ်ဖြင့် ပြဋ္ဌာန်းခဲ့ပါကြောင်း။

အက်မက်စ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍများမှလည်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုအခါ အက်မက်စ် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စီးပွားရေးကောင်စီများကို တည်ထောင်ခဲ့ကြပြီး ပူးတွဲစီးပွားရေးကောင်စီတစ်ရပ်ကိုလည်း ဖွဲ့စည်းပြီးဖြစ်ကြောင်း။

ACMECS စီးပွားရေးကောင်စီ၏ ဆောင်ရွက်ချက်များသည် အာဆီယံ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆက်သွယ်၍ လက်တွဲဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေးခြင်းသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကသော့ချက်ဖြစ်၍ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ခုချင်းအတွင်းဖြစ်စေ၊ ဒေသအတွင်း၌ဖြစ်စေ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့သည် အခက်အခဲများကို အတူတကွရင်ဆိုင်ဖြေရှင်းသကဲ့သို့ အခွင့်အရေးနှင့် အကျိုးရလဒ်များကိုလည်း အတူခံစားနိုင်ကြမည်ဖြစ်ပါကြောင်း။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ACMECS နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ ACMECS စီးပွားရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် သုံးသပ်ပြောကြားရာတွင် ပုဂ္ဂလိက ကဏ္ဍမှ တင်ပြချက်များအရ ကုန်ပစ္စည်းနှင့် လူများ နယ်စပ်ဖြတ်ကျော် ကူးသန်းသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် အာဆီယံနှင့် မဲခေါင်ဒေသခွဲ ဘောင်သဘောတူ စာချုပ်များနှင့် နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေး သဘောတူစာချုပ်ပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးရန် တင်ပြချက်မှာ သင့်မြတ်မှုရှိပါကြောင်း။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် လိုအပ်နေသော နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းစနစ် သဘောတူညီချက်ကို စာချုပ်ချုပ်ဆို၍ ဆောင်ရွက်ရန်ကိစ္စမှာ နှစ်နိုင်ငံ တာဝန်ရှိသူများ ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ယဉ်ကျေးမှုအခြေခံ ခရီးသွားလုပ်ငန်းနှင့် အပြန်အလှန် နယ်စပ်ဖြတ်ကျော် ခရီးသွားများ ပို့ဆောင်ရေး မြှင့်တင်ရန်ကိစ္စမှာ ကောင်းမွန်ဆီလျော်မှုရှိပါကြောင်း၊ တတိယနိုင်ငံမှ ခရီးသွားများအနေဖြင့် အက်မက်စ် နိုင်ငံအားလုံးသို့ ဗီဇာတစ်ခုတည်းဖြင့် သွားခွင့်ရရှိရေးမှာ မူအားဖြင့် ကောင်းမွန်သော်လည်း လက်တွေ့အကောင်အထည်ဖော်မှုအတွက် အချိန်ယူ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ဦးမည်ဖြစ်ကြောင်း။

အက်မက်စ် နိုင်ငံများ၏ နယ်စပ်ဒေသများတွင် ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ တိုးမြှင့်လာစေရေး လိုအပ်သော အခြေခံ အဆောက်အအုံများ၊ အထူးသဖြင့် အရှေ့-အနောက် စီးပွားရေး စင်္ကြံ၊ ထိုင်း-မြန်မာ အဝေးပြေးလမ်းမကြီး တစ်လျှောက်တွင် အထူးစီးပွားရေးဇုန်များ တည်ဆောက်ရန် လိုအပ်ကြောင်း တင်ပြချက်မှာ သင့်လျော်ကောင်းမွန်သော်လည်း အဆိုပါကိစ္စမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ များပြားသည့်အတွက် နိုင်ငံအချင်းချင်း ညှိနှိုင်း၍ ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ စွမ်းဆောင်ရည် မြင့်မားရေး စီမံချက်တစ်ရပ်ရေးဆွဲပြီး နိုင်ငံပိုင်နှင့် ပုဂ္ဂလိက ကဏ္ဍမှ သင်တန်းသားများအား အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားပေးရန်လိုကြောင်း။

အက်မက်စ်ဒေသတွင် အစားအသောက် ထုတ်လုပ်ရေးလုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စားသောက်ကုန်လုပ်ငန်းများ မြှင့်တင်ရေး ဗဟိုဌာနတစ်ခု ထူထောင်ရန် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု ပြုလုပ်ရေးကိစ္စမှာ လိုအပ်မှုရှိနေသော လုပ်ငန်းဖြစ်သဖြင့် အဖွဲ့ဝင်နိုင်ငံများအတွင်း ညှိနှိုင်း၍ ဆောင်ရွက်သင့်သော ကိစ္စဖြစ်ပါကြောင်း။

အက်မက်စ်နိုင်ငံများတွင် ညီမမြို့တော်များ တည်ဆောက်ရန် စာချုပ်များ ချုပ်ဆိုဆောင်ရွက်ခြင်းဖြင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးတို့တွင် အထောက်အပံ့ ဖြစ်စေမည် ဖြစ်ပါကြောင်း။

အက်မက်စ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအရ ဆောင်ရွက်လျက်ရှိသည့် စီမံချက်များ အနက် နိုင်ငံအားလုံးနှင့် သက်ဆိုင်သည့် ဘုံစီမံချက် (Common Projects) များ၏ အချို့စီမံချက်များမှာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်နိုင်မည့် စီမံချက်များဖြစ်သကဲ့သို့ အချို့စီမံချက်များမှာမူ သက်ဆိုင်ရာနိုင်ငံအနေဖြင့် အဖွဲ့ဝင် နိုင်ငံများနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ရန် အဆင်သင့်မဖြစ်သေးကြောင်း၊သို့ဖြစ်၍ ၎င်းနိုင်ငံ၏ အစီအစဉ်ဖြင့် အချိန်ယူ ဆောင်ရွက်ရမည့် စီမံချက်များလည်း ရှိမည်ဖြစ်သည်ကို ပုဂ္ဂလိက ကဏ္ဍမှလည်း အသိအမှတ်ပြုကြရမည်ဖြစ်ကြောင်း။

နှစ်နိုင်ငံအချင်းချင်း သက်ဆိုင်သောစီမံချက်များ (Bilateral Projects)ကိုမူ နှစ်နိုင်ငံအနေဖြင့် အက်မက်စ် စီးပွားရေးမဟာဗျူဟာ ရည်မှန်းချက်များအရ နှစ်ဦးနှစ်ဖက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှုကို ရှေးရှုလျက် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအတွင်း နယ်စပ်ဒေသတစ်လျှောက် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် အခွင့်အလမ်းကောင်းများ များစွာရှိပါကြောင်း၊ ဒေသတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရေး ဆောင်ရွက်ရာတွင် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ (AFTA)၊ အာဆီယံ စီးပွားရေး အသိုက်အဝန်း (AEC)ပါ သတ်မှတ်ချက်များနှင့်အညီ လွယ်ကူချောမွေ့စေမည့် ဖြေလျှော့မှုများကို မိမိနိုင်ငံများ၏ တည်ဆဲဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အပါအဝင် အခြား ဦးစားပေး နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး ဆောင်ရွက်သကဲ့သို့ စီးပွားရေးအင်အားကြီးနိုင်ငံအချို့မှ စီးပွားရေးအရ ဖိအားပေးမှုများနှင့် ထိန်းချုပ်မှုများကိုလည်း သတိရှိရှိဖြင့် ပူးပေါင်းကာကွယ်သွားကြရမှာ ဖြစ်ပါကြောင်း။

၎င်းအပြင် စားနပ်ရိက္ခာဖူလုံရေးနှင့် အစားအသောက်ဈေးနှုန်းများ တည်ငြိမ်မှုရှိရေးသည် ယခုအချိန်တွင် ဒေသတွင်း၌ ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ အက်မက်စ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအရ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်နည်းပညာဖလှယ်ခြင်း၊ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန် အထောက်အပံ့ ဖြစ်စေခြင်းစသည်တို့ကိုတစ်နိုင်ငံနှင့်တစ်နိုင်ငံနားလည်မှု ရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဤဆွေးနွေးပွဲသည် ACMECS ဒေသအတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ပုဂ္ဂလိကပိုင်းကလည်း အစိုးရ၏ မူဝါဒများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သိရှိနိုင်မည်ဖြစ်သကဲ့သို့ အစိုးရပိုင်းကလည်း ပုဂ္ဂလိကပိုင်း၏ လိုအပ်ချက်များနှင့် အခက်အခဲများကို ပိုမိုသိရှိ၍ ဖြေရှင်းပေးနိုင်ကြမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆွမ်ချိုင်းဝမ်ဆာဝပ်က ACMECS စီးပွားရေးဖိုရမ်၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သုံးသပ်ပြောကြားသည်။

ထို့နောက် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ACMECS ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ဆွေးနွေးပွဲကို ညနေ ၄နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တတိယအကြိမ် အက်မက်စ် နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေး တက်ရောက်စဉ်။** (သတင်းစဉ်)



## နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး CLMV နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ACMECS နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၉

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် နိုဝင်ဘာ ၅ရက် ည ၇နာရီတွင် Hanoi Daewoo Hotel ၌ ကျင်းပသော ACMECS နိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်သည်။**

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် နိုဝင်ဘာ ၆ရက် နံနက်ပိုင်းတွင် National Convention Centre ၌ ကျင်းပသော CLMV နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အက်မက်စ် နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးများသို့ တက်ရောက်သည်။

အဆိုပါအစည်းအဝေးများတွင် နိုင်ငံခြားရေးဝန်ကြီးများသည် CLMV နှင့် အက်မက်စ် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်နိုင်မှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး စီအယ်လ်အမ်ဗွီနှင့် အက်မက်စ် အဆင့်မြင့်အရာရှိများ အစည်းအဝေးမှ တင်ပြသည့် အစီရင်ခံစာများနှင့် ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် ပူးတွဲကြေညာချက်များကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။ (သတင်းစဉ်)

## မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဝါဦး အခမဲ့ စေတနာကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၂ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း ၆၄၅၆၉၆၊ ၆၄၅၆၇၈ နှင့် ၇၂၄၅၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏





**ကြည့်ရှု စစ်ဆေး**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ပွင့်ဖြူမြို့နယ် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံ စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# မကွေးတိုင်း ပွင့်ဖြူမြို့နယ် ကြီးအုံ-ကြီးဝရေလှောင်တမံစီမံကိန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၉

**မကွေးတိုင်း ပွင့်ဖြူမြို့နယ်၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးရှိ ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှုရပ်မှ ရေလှောင်တမံကိုလည်းကောင်း၊ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**

ယခု တည်ဆောက်လျက်ရှိသည့် ကြီးအုံ-ကြီးဝ ရေလှောင်တမံစီမံကိန်းမှာ မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင်တည်ရှိပြီး လယ်မြေများ ရေသွင်းစိုက်ပျိုးနိုင်ရန်၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်နှင့် ရေအားလျှပ်စစ်ဓာတ်အားဖြန့်ဝေရန်ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)မှ တာဝန်ယူဖောက်လုပ်ထားသည့် ပုသိမ်-မုံရွာလမ်း(မြောက်ပိုင်း)ပဒါန်း-ကဇွန်းမအပိုင်းကို စက်ယန္တရားများဖြင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင် ၁၅၇/၁-၂တွင် အရှည်ပေ ၆၀ ရှိ ပိတ်ဆည်ချောင်း အာစီရက်မကြမ်းခင်း တံတားတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် စလင်း-စေတုတ္တရာလမ်းမိုင်တိုင် (၂၅/၇) ၌ စေတုတ္တရာမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများက မြောင်းဦးကြိုးဝိုင်းအတွင်း စိုက်ပျိုးထားသည့် ကျွန်းအထူးစိုက်ခင်းအတွင်းပင်ကျပ်နုတ်လုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင် (၂၆/၅)နှင့်(၂၇/၅)အကြားလမ်း တစ်မိုင်အား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုတို့ကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး စေတုတ္တရာမြို့နယ် မြောက်ဘက် နှစ်မိုင် အကွာရှိ မုန်းချောင်းရေလှောင်တမံ၌ ရေလှောင်တမံနှင့် ရေသိုလှောင်ထားရှိနိုင်မှုကိုလည်းကောင်း၊ မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် စေတုတ္တရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံပြီး စေတုတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများကိုပေးအပ်၍ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ဗိုလ်ချုပ်ခင်ဇော်သည် စေတုတ္တရာမြို့ အမှတ်(၂)ရပ်ကွက်ရှိ ခြံပိုင်ရှင် ဦးထွန်းမောင်၏ ဆေးဖက်ဝင် သစ်ခွစိုက်ပျိုးရေးခြံ၌ ဆေးဖက်ဝင် သစ်ခွ ၁၂ မျိုးစိုက်ပျိုးထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ် (၉၃/ခ)ရှိ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် မြို့အဝင် စံပြကွက် မနောသုခ ဧက ၂၅၀ စပါးစိုက်ခင်းသို့ရောက်ရှိရာ မကွေးတိုင်း ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းက လယ်ပြင်စုကျေးရွာ လျှပ်စစ်ရေတင်လုပ်ငန်းဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာအချက်အလက်များနှင့်လုပ်ငန်းဆောင်ရွက်ပြီးစီးပါက နွေစပါးနှင့် မိုးစပါးစိုက်ပျိုးရေးအတွက် ရေပေးဝေသွားနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် စေတုတ္တရာမြို့အထွက်၌ မုန်းချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် ၃၂ တန် ခံနိုင်ဝန်ရှိ သံပေါင်တံတားကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

# IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေး စာနယ်ဇင်း ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာပီဂျီအေနှင့် မြန်မာဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိက ကူညီပံ့ပိုးမည့် ၂၀၀၈-၂၀၀၉ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲမှ IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို နိုဝင်ဘာ ၇ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Hotel Yangon, Grand Ballroom ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိမ်း၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ International Beverages Trading Co.,Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့်စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အမှာစကားပြောကြားပြီး**(အောက်ပုံ)** International Beverages Trading Co.,Ltd. မှ Executive Director ဦးတင့်ဦးကပြိုင်ပွဲ ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားသည်။ IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ပွဲဦးထွက်အဖြစ် ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၇ရက်မှ ၁၀ရက်အထိ Lashio Golf Club ၌လည်းကောင်း၊ ဒုတိယပွဲစဉ်ကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၁ရက်မှ ၁၄ရက်အထိ Yedagun Taung Golf Resort မန္တလေး မြို့၌ လည်းကောင်း၊ တတိယပွဲစဉ်ကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) Ayetharyar Golf Resort ၌လည်းကောင်း၊ စတုတ္ထပွဲစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ City Golf Resort Pondy Yangon ၌လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်သည်။

IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




# ဖျာပုံမကျည်းတန်း မူလတန်းကျောင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ဖျာပုံမြို့ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၁၁) မကျည်းတန်း အခြေခံပညာမူလတန်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၂ ရက် (အမျိုးသားနေ့) နံနက် ၁၀ နာရီတွင် မကျည်းတန်း အခြေခံပညာမူလတန်းကျောင်း ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလှူဒါန်းလိုပါက မကျည်းတန်း အခြေခံပညာမူလတန်း ကျောင်းသား၊ ကျောင်းသူဟောင်းများဖြစ်ကြသော ဦးခင်မြင့်(ရွှေဆိုင်)ဖုန်း-၀၄၅-၄၀၀၉၂၊ ကိုမျိုးဝင်းနိုင်(ဝီချိုင်း) ကြိုးကြာလျှပ်စစ် ဖုန်း-၀၉၈၅၉၂၁၅၅၊ ကိုသက်အောင်(မိုးသီတာ ကုန်စုံဆိုင်) ဖုန်း-၀၄၅-၄၀၂၃၉၊ ကိုသက်အောင်(ဦးထုပ်ဖိနပ်ဆိုင်)ဖုန်း-၀၄၅၄၀၂၆၂၊ ကိုရဲဝင်းနိုင်(စကားဝါ မုန့်ဆိုင်) ဖုန်း-၀၉-၈၅၉၂၂၃၀၊ ကိုအောင်မင်း (နဂါးမင်းရွှေဆိုင်) ဖုန်း-၀၉-၈၅၉၁၇၇၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၆၈)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၁၀-၁၁-၂၀၀၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ အစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေး တေးကဗျာ
၄:၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ အစီအစဉ်
၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
၆:၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -မင်းသမီးရဲ့နေ့စဉ် မှတ်တမ်း (အပိုင်း-၉)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေး တေးကဗျာ
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ငါးကလေး အပိုင်း(၆)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

# ကုသရေးသာမက သင်ကြားရေးပါ ဆောင်ရွက်ပေးနေသည့် ခုတင် ၂၀၀ဆံ့ သင်ကြားရေးဆေးရုံ(မကွေး) ဆေးရုံသစ်ကြီး

အေးချမ်းသာယာခေတ်မီတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်ရေးအတွက် အရေးကြီးလှသည်။ အမျိုးသားကျန်းမာရေးကော်မတီသည် တိုးတက်ပြောင်းလဲနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်နှင့် လိုက်လျောညီထွေသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာစေရန် အထူးအလေးထား ဆောင်ရွက်နေသည်။

နိုင်ငံတော်အတွက် လိုအပ်သော ကျန်းမာရေးဆိုင်ရာ လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရေးအတွက် ဆေးတက္ကသိုလ်များအပြင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်၊ ဆေးဘက်ပညာသင်တက္ကသိုလ်၊ သူနာပြုတက္ကသိုလ်တို့ကို တိုးချဲ့ဖွင့်လှစ်လျက်ရှိသည်။ ထို့အပြင် လုပ်ငန်းခွင်သင်တန်းများဖြစ်သော ဒီပလိုမာသင်တန်းများ၊ မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်၍ ကျွမ်းကျင်သူများကို မွေးထုတ်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် တိုးတက်လာသောလူဦးရေနှင့် ထိရောက်သော ကုသမှုများပေးနိုင်ရန်အတွက် ပြည်နယ်/တိုင်းများတွင် ဆေးရုံကြီးများကို တည်ဆောက်ခြင်း၊ အဆင့်မြှင့်ပေးခြင်း၊ ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တတ်ကျွမ်းသောဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်သူဝန်ထမ်းများ လိုအပ်သဖြင့် သင်ကြားမွေးထုတ်ပေးနိုင်ရန်အတွက် သင်ကြားရေးဆေးရုံများကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

ပြည်သူလူထုအတွက် အားကိုးအားထားရာ ဆေးရုံကြီးသာမက ဆေးပညာ သင်ကြားရေးအတွက်ပါရည်ရွယ်၍ မကွေးတိုင်း ခုတင်(၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ(မကွေး)ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါဆေးရုံကြီးသည် သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ငွေကျပ်၁၅၄၇ ဒသမ ၈၂၆သန်း အကုန်အကျခံ တည်ဆောက်ထားသည်။ အဆင့်မြင့် ခေတ်မီဆေးရုံကြီးဖြစ်ပြီး အရေးပေါ်ကုသရေးဌာန၊ ပြင်ပလူနာဌာန၊ အတွင်းလူနာဌာန၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ အကြောအဆစ်ဌာန၊ အထူးကြပ်မတ်ကုသဌာန၊ သားဖွားခန်း၊ ခွဲစိတ်ခန်းများအပြင် သင်ကြားရေးအတွက် စာသင်ခန်းများ ဖွဲ့စည်းတည်ဆောက်ထားသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ပြီး ကာယသုခ၊ စိတ္တသုခနှစ်ဖြာပြည့်ဝစေရန် နိုင်ငံတော်တစ်ဝန်းလုံး နယ်စပ်ဒေသပါမကျန် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများကို ဟန်ချက်ညီညီဆောင်ရွက်ပေးနေသည်။ ရောဂါကာကွယ်ကုသမှုများကို အချိန်တိုင်း နေရာတိုင်း ရရှိခံစားစေရန် ဆေးရုံ၊ဆေးခန်းများကို တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ကျွမ်းကျင်ဆရာဝန်များ၊ သူနာပြုများကို မွေးထုတ်ခြင်း၊ ခန့်ထားပေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် အရှိန်အဟုန်မြင့် တိုးတက်လာနေပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကျော်အောင်ဝင်း

* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။
* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ဆိတ်နို့ အသုံးဝင်။
* အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

အင်တာနက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသတင်း

# ဂျပန်နိုင်ငံ မြို့တော်တိုကျိုတွင် မြို့ပြဒေသ စိုက်ခင်းများ ခေတ်စားလာ

**တိုကျို နိုဝင်ဘာ ၇**

လူဦးရေ သိပ်သည်းသည့် မြို့ကြီးများတွင် စိုက်ခင်းများထူထောင်ခြင်းဖြင့် အပူဒဏ်ခံစားရခြင်းမှသက်သာစေနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အထောက်အကူပြုကြောင်း၊ ဂျပန်နိုင်ငံ မြို့တော်တိုကျို၌ မြို့ပြဒေသစိုက်ခင်းများ ထူထောင်မှုခေတ်စားလာနေကြောင်း ယနေ့အင်တာနက်သတင်းတွင်ဖော်ပြသည်။

ဂျပန်နိုင်ငံ မြို့တော် တိုကျိုသည် ကမ္ဘာပေါ်တွင် လူဦးရေ အများဆုံးမြို့တော်ဖြစ်ပြီး စားနပ်ရိက္ခာများ ဈေးနှုန်းကြီးမြင့်လာသည့် ပြဿနာ၊ ကမ္ဘာကြီးပူနွေးလာမှု ပြဿနာနှင့် အလုပ်လက်မဲ့ပြဿနာတို့နှင့် ရင်ဆိုင်လာရချိန်တွင် မြို့ပြတောင်သူလယ်သမားများအဖြစ် အသက်မွေးဝမ်းကျောင်းပြုသူ များပြားလာကြောင်း ဒေသခံများက ပြောကြားကြသည်။

တိုကျိုရှိ မိုးမြင့်အဆောက်အအုံများ၏ ခေါင်မိုးမျက်နှာပြင်များနှင့် မြေအောက်ထပ် မျက်နှာပြင်များပေါ်တွင် ကောက်ပဲသီးနှံစိုက်ခင်းများ၊ ဟင်းသီးဟင်းရွက် စိုက်ခင်းများနှင့် သစ်ဥသစ်ဖု စိုက်ခင်းများကို ထူထောင်လာကြောင်း ကီတာဇာဝါက ပြောကြားသည်။ ၎င်းသည် တိုကျိုရှိ ဘဏ္ဍာရေးအချက်အချာဒေသတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူတစ်ဦးအဖြစ် လုပ်ကိုင်နေသူဖြစ်သည်။

ကီတာဇာဝါကဲ့သို့ မြို့ပြစိုက်ပျိုးရေးလုပ်ငန်းရှင်များကို တိုကျိုတွင် တွေ့မြင်နိုင်သည်။ ၎င်းတို့သည် တစ်ချိန်က ကုမ္ပဏီအမှုထမ်းများ ဖြစ်ခဲ့ကြသော်လည်း ကုမ္ပဏီများက အလုပ်သမားဦးရေကို လျှော့ချခဲ့ခြင်းကြောင့် အလုပ်လက်မဲ့ဘဝသို့ရောက်ရှိခဲ့ရာမှ စိုက်ပျိုးထုတ်လုပ်သူများအဖြစ် ရပ်တည်လာသူများဖြစ်သည်။

တိုကျိုတွင် ဆန်စပါးစိုက်ပျိုးသူ၊နှင်းဆီပန်းစိုက်ပျိုးသူ၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူ၊ ခရမ်းချဉ်သီးစိုက်ပျိုးသူ၊ ရွှေဖရုံသီးစိုက်ပျိုးသူ၊ ကန်စွန်းဥစိုက်ပျိုးသူများကို တွေ့မြင်နိုင်ကြောင်း ၎င်းကပြောကြားသည်။

တိုကျိုတွင် တစ်သီးပုဂ္ဂလစိုက်ပျိုးထုတ်လုပ်သူများအပြင် နည်းပညာကုမ္ပဏီများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးတည်ချက်ဖြင့် သုတေသနစိုက်ခင်းများကို ထူထောင်လာကြောင်း ၎င်းကပြောကြားသည်။

***အင်တာနက်။***



**နိုဝင်ဘာ ၇ ရက်က လူမှုဝန်ထမ်းဦးစီးဌာန ကန်ရိပ်သာမူလတန်းကြိုကျောင်း၏ ညဏစွမ်းရည်ပြိုင်ပွဲကို ကျောင်းခန်းမ၌ကျင်းပရာ ပထမဆုရရှိသော ရင်သွေးငယ် မသန့်ဖြူနိုင်နှင့်အဖွဲ့က “မပန်းဖြူ သီချင်း”ဖြင့် အဖွဲ့လိုက်ပါဝင်ယှဉ်ပြိုင်စဉ်။** (၃၂)

## အမျိုးသားပြတိုက်သို့ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၉**

ယဉ်ကျေးမှုဝန်ကြီးဌာနရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန အမျိုးသားပြတိုက်သို့ ထိုင်း-မြန်မာချစ်ကြည်ရေးအသင်းနှင့်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Bansarn Bunnag က အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အမျိုးသားပြတိုက် ညွှန်ကြားရေးမှူး ဒေါ်နုမြဇံက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ သံရုံး၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်း၊ ကန်တော်ကြီးရှိုင်ရယ်ပဲလေ့ဟိုတယ်နှင့် အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံရှိ ထိုင်းစီးပွားရေး လုပ်ငန်းရှင်များ၏ လှူဒါန်းငွေများကို ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ General (Retd) Lertrat Ratana Vanich နှင့်အလှူရှင်များက ပေးအပ်လှူဒါန်းရာအမျိုးသားပြတိုက်ညွှန်ကြားရေးမှူး ဒေါ်နုမြဇံက လက်ခံသည်။ **(ဓါတ်ပုံ)**

ယနေ့ လှူဒါန်းငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၆၀၀၀ဖြစ်ပြီး အမျိုးသားပြတိုက် စတုတ္ထထပ်ရှိ ပြခန်းများ ပြန်လည်မွမ်းမံပြင်ဆင်ရန်ဖြစ်ကြောင်းသိရှိရသည်။(သတင်းစဉ်)



## အထက(၃)ဗဟန်း မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၃) ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါအခမ်းအနား ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးများကို အပတ်စဉ် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၃) အောင်ဆန်းခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် ဦးလှတင် (ကျောင်းအုပ်ကြီး ထ-၃ ဖုန်း-၅၅၅၂၂၂၊ ဦးလှထွေး (ရှိုမိုစားသောက်ဆိုင်) ဖုန်း-၀၉-၅၁၆၂၉၁၉၊ ဦးအောင်ကျော်ထွန်း ဖုန်း- ၅၅၃၉၆၆၊ ဦးမင်းမင်းထွန်း ဖုန်း-၅၄၁၀၆၁၊ ဒေါ်မြမြသန်း (နှင်းဆီဦး-အလှပြင်) ဖုန်း- ၀၉-၅၁၈၄၉၅၅ နှင့် သူငယ်ချင်းများထံသို့ ဆက်သွယ်နိုင်ကြောင်းနှင့် အခမ်းအနား အစည်းအဝေးများသို့ မပျက်မကွက်တက်ရောက်ပေးကြပါရန် ဖိတ်ကြားထားသည်။

(ကြေးမုံ)

## မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲ

**ရန်ကုန် နိုဝင်ဘာ ၉**

စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ အတွင်းရေးမှူး ဦးသိန်းမြင့်က လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော ' Code of ethics for professional accountants' ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို နိုဝင်ဘာ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂)၊ စည်ပင်လမ်းသစ် (ရန်ကင်းစင်တာအနောက်ဘက်)၊ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံ ဘဏ်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်ရန်အတွက် နိုဝင်ဘာ ၁၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၊ ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရှင်းလင်းတင်ပြ

**ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေသည် ပြည်နယ်ဒုတိယအင်ဂျင်နီယာများ လိုက်ပါလျက် မြစ်ကြီးနားမြို့ စိမ်းမြဧရာပန်းခြံအတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုနှင့် အလှဆင်ယင်ထားရှိမှုအား နိုဝင်ဘာ ၃ ရက်က ကွင်းဆင်းကြည့်ရှုရာ မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုးက အလှဆင်ယင်ဆောင်ရွက်ထားရှိမှုများ ရှင်းလင်းတင်ပြစဉ်။** (ပြည်နယ်စည်ပင်)

# လုံးချောက ထွန်ထောင်းကို အလဲထိုး
## ဝင်းထွန်းနှင့် လာချီလိတ်တို့ အလူးအလဲပူးတွဲသရေ

ရန်ကုန် နိုဝင်ဘာ ၉

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ Calsomeကွေကာ (Myanmar Distribution Group Co., Ltd.) ၏အဓိကပံ့ပိုးကူညီမှုဖြင့် KLN Group မှ တာဝန်ယူကျင်းပသော မြန်မာ-ထိုင်း နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာပြည်ချန်ပီယံ လုံးချောက စိန်ခေါ်သူ ထွန်ထောင်းကို တတိယအချီတွင်အလဲထိုးဖြင့် အနိုင်ရရှိသွားပြီး သုံးထပ်ကွမ်းရွှေခါးပတ်ချန်ပီယံဝင်းထွန်းနှင့် ထိုင်းမှ လာချီလိတ်တို့ အလူးအလဲဖြင့် ပူးတွဲသရေဖြစ်သွားသည်။ ယနေ့စိန်ခေါ်ပွဲများမှာ ဘတစ်ပြန် ကျားတစ်ပြန်ဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကောင်းများဖြစ်ခဲ့ရာ ပရိသတ်များအကြိုက်တွေ့ခဲ့ကြသည်။**



မြန်မာပြည်ချန်ပီယံ လုံးချော၏ ဘယ်လက်သီး ထွန်ထောင်း နားထင်ကို ထိမှန်စဉ်။

မြန်မာ-ထိုင်း နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ပထမပွဲစဉ်အဖြစ် မြန်မာမှ ဝင်းထွန်းနှင့် ထိုင်းမှ လာချီလိတ်တို့ စတင်ယှဉ်ပြိုင်ကြသည်။ သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်းနှင့် ၂၀၀၆ခုနှစ် ထိုင်းနိုင်ငံလုံးဆိုင်ရာ မွေထိုင်းရွှေခါးပတ်ချန်ပီယံဆုရရှိထားပြီး မြန်မာ့ရိုးရာလက်ဝှေ့ အတွေ့အကြုံရှိသော လာချီလိတ်တို့ တွေ့ဆုံကြသောပွဲလည်းဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့လောက၏ နာမည်ကျော်ကစားသမားတစ်ဦးဖြစ်သော ဝင်းထွန်းမှာ စိန်ခေါ်သူ လာချီလိတ်ကို ပွဲသိမ်းရန်ကြိုးစားသော်လည်း မြန်မာ့ရိုးရာလက်ဝှေ့ အထာနပ်နေသည့် လာချီလိတ်က ပြန်လည်အံတုယှဉ်ပြိုင်သွား၍ သူတင်ကိုယ်တင်ဖြင့် ပရိသတ်လက်ခုပ်သံညံခဲ့သောပွဲဖြစ်သည်။

လက်သီးချင်းတွေ့၊ ခြေထောက်ချင်းဆိုင်၊ သတ္တိချင်းအတွေ့ဟုဆိုရလောက်အောင် ဝင်းထွန်းရော လာချီလိတ်ပါ ပညာစုံသုံး၍ ထိုးသတ်ခဲ့ကြသည်။ ဝင်းထွန်းက ဖြောင့်လက်သီးများ တွဲလွှတ်သလို ပင့်ဒူးဖြင့်လည်း ရင်ဆိုင်သည်။ လာချီလိတ်က ပညာစုံသုံးသော်လည်း အဓိကတိုက်ကွက်အဖြစ် ဘယ်ဒူးပြပြီး ညာဒူးသုံးသည့် ယောင်ပြတိုက်ချက်ကိုသုံးသည်။ ယင်းယောင်ပြတိုက်ချက်ကြောင့်ပင် ဝင်းထွန်းတစ်ခါခံလိုက်ရပြီး အမှတ်စဉ်ရေတွက်ခံရသည်။ အချီအစများတွင် လက်သီးထိုးချက်များ လွဲနေသော ဝင်းထွန်းမှာ နောက်အချီများတွင် လက်သီးပြန်မှန်လာ၍ လာချီလိတ် အထိပြန်နာလာသည်။ ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ ဝင်းထွန်း ပွဲသိမ်းရန်ကြိုးစားသော်လည်း အလူးအလဲ၊ အလဲအကွဲများဖြင့် ပူးတွဲသရေများဖြင့်သာ အဆုံးသတ်ခဲ့သည်။

ပွဲအပြီးတွင် မြန်မာနိုင်ငံအိုလံပစ်ကော်တီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က သရေပွဲဖြစ်သွားသော ဝင်းထွန်းနှင့် လာချီလိတ်တို့အား ငွေကျပ်ငါးသိန်းစီ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ်ငါးသိန်းစီနှင့် Myanmar Distribution Group Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းက ငွေကျပ်တစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ဒုတိယပွဲစဉ်အဖြစ် မြန်မာပြည်ချန်ပီယံ လုံးချောက ထိုင်း မွေထိုင်းကစားသမား ထွန်ထောင်းကို မြန်မာ့ရိုးရာလက်ဝှေ့ပညာ၊ မြန်မာတို့၏ သတ္တိစွမ်းတို့ကို ပြသကာ ပရိသတ်များ မျှော်လင့်ထားသည့်အတိုင်းပင် အလဲထိုးဖြင့်ပွဲသိမ်းလိုက်သည်။ လုံးချောမှာ ပထမအချီအစတွင် ထွန်ထောင်းကို အတင်းလိုက်ဖိမထိုးဘဲ ဟာကွက်ကို စောင့်ထိုးသည်။ မြန်မာ့ရိုးရာလက်ဝှေ့ကို ပထမဦးဆုံး ထိုးသတ်သည့် ထွန်ထောင်းမှာ မွေထိုင်းဆန်ဆန် အခုန်၊ အကန်များဖြင့် ရင်ဆိုင်သည်။ လေးနှစ်ကျော်ကြာ မြန်မာပြည်ချန်ပီယံဘွဲ့ကို ထိန်းသိမ်းထားသည့် လုံးချောမှာ အတွေ့အကြုံသမ္ဘာ ရှိသူပီပီထွန်ထောင်းကို ပညာစုံသုံး၍ ရင်ဆိုင်သည်။တွဲလုံးလက်သီးများ ဆက်တိုက်သုံးပြီး ထွန်ထောင်း ဟန်ချက်အပျက်တွင် ဒူးဖြင့်ဆင့်တိုက်သည်။

ဒုတိယအချီတွင် လုံးချော ပိုသာလာသည်။ လက်သီးထိုးချက်များ၊ ပင့်ဒူးများကြောင့် ထွန်ထောင်းမူးလာသည်။ ထွန်ထောင်းကလည်း ခေသူမဟုတ်၊ လက်သီးများ၊ ခြေကန်ချက်များဖြင့် ပြန်တိုက်စစ်ဆင်သော်လည်း လုံးချောကနည်းနည်းမှမဖြုံ၊ ဒုတိယအချီ ၂မိနစ် စက္ကန့် ၄၀တွင် လုံးချော၏လက်သီး ထွန်ထောင်းမေးရိုးကို ထိကာ ထွန်ထောင်းကြမ်းပြင်ပေါ် မှောက်လျက်ကျသွားပြီး အနားတောင်းရသည်။ တတိယအချီအစတွင် လုံးချောက ပွဲသိမ်းရန်တရစပ်ဖိထိုးလာသည်။ စက္ကန့် ၄၀မှာပင် လုံးချော၏တွဲလုံးလက်သီးများ တခွပ်ခွပ်ထိပြီး ထွန်ထောင်း အရုပ်ကြိုးပြတ်ကဲ့သို့ ကြိုးဝိုင်းထောင့်၌ မှောက်လျက် ကျသွားသည်။ ကြိုးဝိုင်းဒိုင်က အမှတ်စဉ်ရေတွက်နေစဉ်မှာ ထွန်ထောင်း အားတင်းထားသော်လည်း အမူးမပြေဘဲ အကြိမ်ကြိမ်ဒူးထောက်ကျကာ လုံးချောကို အရှုံးပေးလိုက်ရသည်။



သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း၏ ဘယ်လက်သီး လာချီလိတ် မေးရိုးကို ထိမှန်စဉ်။

ပွဲအပြီးတွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အနိုင်ရသူ လုံးချောအား ရွှေခါးပတ်နှင့်ငွေကျပ်၁၀သိန်း၊ ထွန်ထောင်းအား ငွေကျပ်ငါးသိန်း၊ မြန်မာနည်းပြများအား ငွေကျပ် ၁၀သိန်း၊ ဒိုင်အဖွဲ့အား ငွေကျပ်သုံးသိန်း၊ ဥက္ကဋ္ဌ ဦးဝင်းမြင့်က လုံးချောအား ငွေကျပ်၁၀သိန်း၊ ထွန်ထောင်းအား ငွေကျပ် တစ်သိန်း Myanmar Distribution Group Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းက လုံးချောအား ငွေကျပ် သုံးသိန်းနှင့် ပထမနေ့ ပွဲစဉ်တွင် အနိုင်ရခဲ့သော တွေ့မရှောင်နှင့် စောငမန်းတို့အား ငွေကျပ် သုံးသိန်းစီ ချီးမြှင့်သည်။

နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲမတိုင်မီ ကျင်းပသည့် ပြည်တွင်း ငါးချီစိန်ခေါ်ပွဲများမှာလည်း ပရိသတ်များ လက်ခုပ်သံတဖြောင်းဖြောင်းကြားခဲ့ရသော ပွဲများဖြစ်ခဲ့သည်။ ဘတစ်ပြန် ကျားတပြန်ဖြင့် ရေကုန်ရေခန်း ယှဉ်ပြိုင်ခဲ့ကြသည်။ သပြေညို(ဘိလပ်မြေစက်ရုံ)နှင့် အောင်ဒီပ(အလင်းရောင်)တို့ပွဲတွင် သပြေညိုက အလဲထိုးဖြင့်လည်းကောင်း၊ လင်းယုန်(ရက္ခဗျာလ)နှင့် စောနေအောင် (အဖြူရောင်သွေးသစ်) တို့ပွဲတွင် စောနေအောင်က ဒုတိယအချီ ၁ မိနစ် ၁၈ စက္ကန့်တွင်လည်းကောင်း အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ စောသဲမင်း(KLN)နှင့် မင်းရန်နိုင်(ရက္ခဗျာလ)တို့ပွဲမှာ တစ်ဦးနှင့်တစ်ဦး ပညာစုံသုံး၍ ထိုးသတ်ခဲ့ကြသော်လည်း ချက်ကောင်းထိအောင် ထိုးနိုင်သော မင်းရန်နိုင်က ပထမအချီ ၂ မိနစ် ၅၄ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ စောအာကာ(KLN)နှင့် မိုက်တိုင်ဆန်(အလင်းရောင်)တို့ပွဲမှာ အလူးအလဲဖြင့် ပူးတွဲသရေကျသွားသည်။

ဝါးရင်းတုတ်ဖိုးကေဟု နာမည်ကြီးနေသည့် ဖိုးကေ(မန္တလေး)နှင့် စိုးထက်ဦး(အဖြူရောင်သွေးသစ်)တို့ပွဲမှာ ဖိုးကေက ၎င်းထိုးပုံထိုးနည်းအတိုင်း အတင်းဝင်ထိုးသည်။ ဘယ်ညာတွဲလုံးများ ဆက်တိုက်သုံးသလို ဒူးတိုက်ချက်များ၊ ခြေကန်ချက်များကို ဆင့်သုံးသည်။ စိုးထက်ဦး ပြန်ခံထိုးရန်ကြိုးစားသော်လည်း ဖိုးကေ၏ လက်သီးချက်များကြောင့် ဒုတိယအချီ ၁ မိနစ် ၂၃ စက္ကန့်တွင် အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ မိုက်ခဲ(မြဝတီ)နှင့်ဒေါဂျစ်(လယ်/ဆည်)တို့ပွဲတွင် ဒုတိယအချီတွင် မိုက်ခဲ အရှုံးပေးသဖြင့် ဒေါဂျစ်အနိုင်ရသွားသည်။

မြန်မာ-ထိုင်း နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးမှာ အောင်မြင်စွာပြီးဆုံးသွားပြီဖြစ်ပြီး သုံးပွဲနိုင် တစ်ပွဲသရေရလဒ်နှင့်အတူ မြန်မာ့ရိုးရာလက်ဝှေ့ပညာ၏ သိမ်မွေ့ နက်နဲမှု အစွမ်းသတ္တိ၊ မြန်မာ့လက်ဝှေ့ကျော်များ၏ အစွမ်းအစများကိုလည်း ပြသနိုင်လိုက်ပါကြောင်း။ ။

(ကြေးမုံ)

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဆက်သွယ်စာရင်းပေးနိုင်

ရန်ကုန် နိုဝင်ဘာ ၉

၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၁ရက်မှ ၂၁ရက်အထိ သုဝဏ္ဏဘောလုံးကွင်းတွင် ကျင်းပမည့်တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲကာလအတွင်း သုဝဏ္ဏကွင်း၌ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများအနေဖြင့် နိုဝင်ဘာ ၁၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။အသေးစိတ်သိရှိလိုပါက ဖုန်း-၅၇၇၃၆၆၊ ၅၆၁၅၃၉တို့ သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။(ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁၁-၂၀၀၈ (တနင်္လာနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "နေမဝင်ခင်ရိက္ခာပြင်"တရားတော် (ဆရာတော် အရှင်အာစာရာလင်္ကာရ) |
| ၇း၅၀ - ၁း၅၀ | Activities In The City (Fortune International Limited ၏ဆေးမိတ်ဆက်ပွဲ) |
| ၈း၁၅ - ၂း၁၅ | Soccer Update |
| ၈း၃၀ - ၂း၃၀ | Rainforest Homeland (အပိုင်း-၁) |
| ၉း၀၀ - ၃း၀၀ | Biz Net |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | တေးဂီတအစီအစဉ် |
| ၉း၂၅ - ၃း၂၅ | ခေတ်မီ ပျားမွေးမြူရေးလုပ်ငန်း (ပန်းဝတ်မှုန်ထုတ်လုပ်ရေး) |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ - ၃း၅၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၀း၁၅ - ၄း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၀ - ၄း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ - ၄း၂၅ | မြန်မာ့ "အိုး" |
| ၁၀း၃၀ - ၄း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၄၅ - ၄း၄၅ | MRTV-4 ကျန်းမာရေးကဏ္ဍ (ဆီးချို၊ သွေးချိုရောဂါအကြောင်း) [ အရိုးအထူးကုဆရာဝန်ကြီး (တွဲဖက်ပါမောက္ခ) ဒေါက်တာဦးညီညီနှင့် တွေ့ဆုံခြင်း] |
| ၁၁း၃၅ - ၅း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀ - ၅း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ - ၅း၄၀ | ကြည်လင်ဝင်းပသဘာဝဆေးစွမ်းအလှ |
| ၁၂း၀၀ - ၆း၀၀ | ဂီတသံစဉ်အလှဆင် (အကယ်ဒမီ ဝင်းဦး) |
| ၁၂း၁၅ - ၆း၁၅ | အိမ်တွင်းစီးပွားမုန့်လုပ်နည်းပညာများ (ပေါက်စီပြုလုပ်နည်း) |
| ၁၂း၃၀ - ၆း၃၀ | ဓာတ်ပုံထဲမှ အမှတ်တရများ (ပပဝင်းခင်၏ ဓာတ်ပုံထဲမှအမှတ်တရများ) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## တံခွန်စိုက်ဒိုင်းဆုရ

**နိုဝင်ဘာ ၉ရက်က ပဉ္စမကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ရေကူးပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်း အမျိုးသမီးရေကူးအသင်းနှင့်အတူ ရန်ကုန်တိုင်းရေကူးအသင်း ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း (ကိုယ်စား) အဖွဲ့ဝင်ဦးစိုင်းခမ်းလှိုင်တို့အား ဆုယူအပြီး တွေ့ရစဉ်။**

(အား/ကာ)



# အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအတွင်း နယ်စပ်တစ်လျှောက် ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် အခွင့်အလမ်းကောင်းများ များစွာရှိ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် အခြားဦးစားပေးနယ်ပယ်များတွင် ပူးပေါင်း ဆောင်ရွက်မှုများတိုးမြှင့် စီးပွားရေးအင်အားကြီးနိုင်ငံအချို့မှ စီးပွားရေးအရပံ့ပိုးမှုနှင့် ထိန်းချုပ်မှုများကိုလည်း ပူးပေါင်းကာကွယ်




နေပြည်တော် နိုဝင်ဘာ ၉

**ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီတွင် ဟနွိုင်းမြို့ National Convention Centre ရှိ အခန်း အမှတ်(၃၁၈)၌ ကျင်းပသည့် ACMECS ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ဆွေးနွေးပွဲသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။**

ဆွေးနွေးပွဲသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆွမ်ချိုင်းဝမ်ဆာဝပ်၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့** National Convention Centre **ရှိ အခန်းအမှတ်(၃၁၈)၌ ကျင်းပသည့်** ACMECS **ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ဆွေးနွေးပွဲတက်ရောက်စဉ်။**

(သတင်းစဉ်)

ကျော်အောင်ဝင်း၏ သတင်းမှတ်စု

စာမျက်နှာ ၁၁

## ကုသရေးသာမက သင်ကြားရေးပါဆောင်ရွက်ပေးနေသည့် ခုတင် ၂၀၀ ဆံ့ သင်ကြားရေးဆေးရုံ (မကွေး) ဆေးရုံသစ်ကြီး

